# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၃ ကော်လံ ၁ ✻*


ယနေ့ *ဖတ် စ ရာ*

**သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် ရိုးရိုးဒီဇယ်ဆီ (500ppm) ကို အများပြည်သူ အလွယ်တကူကွဲပြားခြားနားစွာ သိရှိဝယ်ယူ သုံးစွဲနိုင်စေရန်အတွက် အပြာရောင်ဖြင့် ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိ** ပြည်တွင်းသတင်း | စာ ၃

**နှလုံးသားထဲက မြကန်နှင့် ပုဂံလွမ်းချင်း** ဆောင်းပါး | စာ ၁၀



**တိုယိုတာ၏ မေလအတွက် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှုကျဆင်း** နိုင်ငံတကာသတင်း | စာ ၁၃

**တိုင်းရင်းသားလက်နက်ကိုင်များနှင့် လျှော့နည်းပျောက်ကွယ်သင့်ပြီဖြစ်သော ဘိန်းစိုက်ပျိုးမှု** ဆောင်းပါး | စာ ၁၆

# ပြည်ဖျက်ရန်အကြံ၊ တစ်ကျိုတ်တည်းတစ်ဉာဏ်တည်း

သတင်းတု၊ သတင်းအမှား လုပ်ကြံရေးသားဖြန့်ဝေမှုများကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများနှင့် ပြည်ဖျက်မီဒီယာများ တစ်ကျိုတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းကာ တစိုက်မတ်မတ် ကျူးလွန်လျက်ရှိသည်။ ၎င်းတို့၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာ့တပ်မတော်ကို ပြည်သူလူထုက အထင်အမြင်လွဲမှားရေး၊ မုန်းတီးရေး၊ နိုင်ငံတကာအလယ်တွင် သိက္ခာချရေးတို့ဖြစ်ပြီး သတင်းအတု၊ သတင်းအမှားများကို တစ်နေ့တစ်မျိုး မရိုးရအောင် လုပ်ကြံဖြန့်ချိနေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ၏ ဂိုဒေါင်အချို့ မီးလောင်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ရာ တပ်မတော်နှင့် ဘင်္ဂါလီများက ဖျက်ဆီး၊ လုယက်ခဲ့ခြင်းဖြစ်သည်ဟူသော မဟုတ်မမှန်သတင်းကို ဒရုန်းဖြင့်ရိုက်ကူးခဲ့သည့် ဓာတ်ပုံများနှင့်အတူ ထွက်ပေါ်လာခဲ့သည်။ ယင်းသတင်းတု၊ သတင်းအမှား၏ ရည်ရွယ်ချက်မှာ မြန်မာ့တပ်မတော်ကို ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများက အထင်အမြင်လွဲမှားစေရန်ရန်တိုက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ကုလသမဂ္ဂမျက်နှာစာတွင် မြန်မာ့တပ်မတော်ကို အခြားကမ္ဘာ့နိုင်ငံများက ပြစ်တင်ရှုတ်ချလာစေရန် လုပ်ကြံခြေထိုးလိုက်ခြင်းပင်ဖြစ်သည်။ ဖြစ်စဉ်အမှန်မှာ မောင်တောဒေသတွင်ရှိနေသည့် ဒုက္ခသည်များကို ထောက်ပံ့ရန် ရည်ရွယ်ထားသည့်ပစ္စည်းများ သိုလှောင်ထားသည့် WFP ဂိုဒေါင်များကို AA က ဒရုန်းဖြင့် ဗုံးချမီးရှို့ခဲ့ခြင်းသာဖြစ်ပြီး မစားရသည့်အမဲ သဲနှင့်ပက်ခဲ့သည့် ၎င်းတို့၏လုပ်ရပ်ကို မြန်မာ့တပ်မတော်သို့ ကောက်ကျစ်ယုတ်မာစွာ လွှဲချခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းဖြစ်သည့် AA သည် တစ်ဖက်တွင် အစွန်းရောက်လူမျိုးရေးဝါဒ၊ လူမျိုးခွဲခြားမုန်းတီးရေးဝါဒတို့ဖြင့် လှုံ့ဆော်ကာ လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်တက်လာအောင် ဖန်တီးနေသော်လည်း အခြားမျက်နှာစာတစ်ဖက်တွင်မူ အကြီးစားမူးယစ်မှောင်ခိုအဖွဲ့ ဖြစ်လာနေသည်။ ယခင် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ မူးယစ်ဂိုဏ်းများက ထုတ်လုပ်လိုက်သည့် မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဖြတ်သန်းသယ်ဆောင်ပြီး ရခိုင်ပြည်နယ်နှင့် ပင်လယ်ပြင်မှတစ်ဆင့် အခြားနိုင်ငံများသို့ ပို့ဆောင်နေရာမှ ယခုနောက်ပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများကို ရခိုင်ပြည်နယ်အတွင်း ထုတ်လုပ်ရန် ကြိုးပမ်းလာနေသည့် အထောက်အထားများကို တွေ့လာနေရသည်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်း၏ မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးမှုကို တစ်ဖက်နိုင်ငံမှ လုံခြုံရေးအဖွဲ့အစည်းများကလည်း ကောင်းစွာသိရှိထားပြီး သတိပြုစောင့်ကြည့်နေကြောင်း သတင်းများတွင် တွေ့ရှိရာ AA ၏ မူးယစ်မှောင်ခိုမှုသည်လည်း ဖုံးမရဖိမရသည့်အခြေအနေပင်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် မြို့ဖျက်၊ ရွာဖျက် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများအားလုံးမှာ အစစ်အမှန်ပြည်သူလူထု၏ ပကတိဆန္ဒနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အခြေခံ ပြည်ထောင်စုနိုင်ငံကြီး အခိုင်အမာ တည်ဆောက်ကာ ကမ္ဘာ့နိုင်ငံများအလယ်တွင် ဂုဏ်ကျက်သရေ တင့်တယ်စေလိုသည်။ ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒ၊ သေးသိမ်သည့် လူမျိုးရေးခွဲခြားမှုနှင့် လူမျိုးရေးမုန်းတီးမှုတို့မှာ မျက်မှောက်ကမ္ဘာတွင် လူရာမဝင်တော့။ နိုင်ငံနှင့် လူမျိုးတို့ ပျက်စီးရာပျက်စီးကြောင်းအတွက် ပြုလုပ်နေကြသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ပြည်ဖျက်မီဒီယာများ၏ အဖျက်လုပ်ရပ်များကို တိုင်းရင်းသားနိုင်ငံသားပြည်သူတစ်ရပ်လုံးက သတိတမန် ဉာဏ်မြေကတုတ်ပြုကာ တွန်းလှန်တိုက်ဖျက်ကြရပါမည့်အကြောင်း။ ။




## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူအများအပြား သေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ဘဏ်များသည် Regulatory Authority ဖြစ်သည့် ဗဟိုဘဏ်မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များသည် SDN List အပါအဝင် နိုင်ငံတကာ အရေးယူဆောင်ရွက်မှုစာရင်းများတွင် ပါရှိနေသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို လုံးဝဆောင်ရွက်ပေးခြင်းမရှိဘဲ ဆက်သွယ်ဆောင်ရွက်သူများ၏ ရယူရမည့် အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းနှင့် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence–EDD) ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံခြားဘဏ်များသည်လည်း ၎င်းတို့၏ သက်ဆိုင်ရာအာဏာပိုင်များ၏ တင်းကျပ်သော စည်းမျဉ်းများအရ မြန်မာနိုင်ငံဘဏ်များ၏ ကုန်သွယ်မှုအတွက် ငွေပေးချေမှုများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများအား အလေးထားစိစစ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း(EDD)လုပ်ငန်းစဉ်များ ပြီးစီးမှသာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံဘဏ်များသည်ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)က သတ်မှတ်ထားသည့် အလေးထားစိစစ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက်လည်း FATFမှသတ်မှတ်ပေးထားသည့်အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအမံများကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် လုပ်ငန်းစဉ်များအတွက်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုများအရ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံဘဏ်များအသင်း**
(၂၇–၆–၂၀၂၄)

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၇**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၉–၆ –၂၀၂၄ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၆)၊ အမှတ်(၂၆) တွင် ဉာဏ်ပညာရှိသူ၏ စကားကို လိုက်နာကျင့်သုံး၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သော ဘုရင်ကြီးနှင့် မိမိ၏ အတတ်ပညာဖြင့် ဒုက္ခရောက်နေသူကို ကူညီပေးခဲ့၍ကောင်းကျိုးများ ခံစားခဲ့ရသော မောင်ပုညတို့အကြောင်းကို ရေးဖွဲ့ထားသည့် “မေတ္တာနှင့်နေရာ” မျက်နှာဖုံးကာတွန်း၊ ရှေးခေတ်အခါ၌ ကျောက်သားများပေါ်၌ စာများထွင်းထုရေးသား၍ အသုံးပြုခဲ့ကြသည်ကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် “ကျောက်စာအကြောင်း သိမှတ်ဖွယ်ရာ” သုတဆောင်းပါးကဏ္ဍ၊ အပြောကြီးလွန်းသော ဝိတ်ပေါနှင့် သူ၏အဖော်ဖိုးချွန်းတို့တောထဲတွင် ကျော့ကွင်းထောင်၍ သားကောင်ဖမ်းဆီးပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် “ဖိုးချွန်း၊ ဝိတ်ပေါနှင့် ကျော့ကွင်း” နှစ်မျက်နှာကာတွန်း၊ ဖခင်နှင့် ခြံရှင်းလိုက်သွားရာမှ မိသားစုအတွက် ငွေကြေးအခက်အခဲမရှိအောင် မိသားစုဝင်အားလုံး မပျင်းမရိ အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း နားလည်သွားသည့် ပြည့်စုံသာအကြောင်းကို ရေးဖွဲ့ထားသည့် “မီးရထားကြီး ဥပမာ” ဝတ္ထုကြကဏ္ဍ၊ စကားကို ကတ်တီးကတ်ဖဲ့ ပြောတတ်သော ဟန်သီမအကြောင်းကို ရေးဖွဲ့ထားသည့် “ဟန်သီမ” တစ်မျက်နှာကာတွန်း၊ အသက်ကြီးသူ၏ လမ်းညွှန်ပြသမှုအတိုင်း လိုက်နာဆောင်ရွက်ခဲ့၍ လှောင်အိမ်အတွင်းမှ လွတ်မြောက်အောင် ကြံစည်နိုင်ခဲ့သော ကြက်တူရွေးလေးအကြောင်းကို ရေးဖွဲ့ထားသည့် “သက်ကြီးစကား အလေးထား” ပုံပြင်ကဏ္ဍ၊ မိမိ၏ ဝမ်းစာအတွက် မိမိဘာသာ ရှာဖွေစားသောက်ခြင်းမပြုဘဲ သူတစ်ပါးကို မှီခိုစားသောက်မိ၍ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသည့် မြေခွေးအကြောင်းကို ရေးဖွဲ့ထားသည့် “အချောင်လိုက်တဲ့ မြေခွေး” နှစ်မျက်နှာကာတွန်း၊ ဦးလေးဖြစ်သူထံမှ မုန့်ဖိုးပိုမိုရရှိရန် ပြောဆိုတတ်သော ရန်ပိုင်စိုးအကြောင်းကို ရေးဖွဲ့ထားသည့် “ရန်ပိုင်စိုး” နှစ်မျက်နှာကာတွန်း၊ အိမ်ငှားနေသူက အိမ်ပိုင်ရှင်ထံ




အိမ်ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ပြောကြားပုံနှင့် ပြောင်းရွှေ့ရသည့် အကြောင်းရင်းကို အပြန်အလှန်ပြောဆိုပုံ အမျိုးမျိုးဖြင့် ရေးသားထားသည့် “ရွှေသွေးစကားဝိုင်း” အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကပြဖျော်ဖြေခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင် သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များက ယိမ်းအကများ၊ တေးသီချင်းများ၊ ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်၊ အကအလှများ၊ တေးသရုပ်ဖော်အကများဖြင့် သီဆို ကပြဖျော်ဖြေ တင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကပြဖျော်ဖြေခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် ရိုးရိုးဒီဇယ်ဆီ(500ppm)ကို အများပြည်သူအလွယ်တကူ ကွဲပြားခြားနားစွာ သိရှိဝယ်ယူသုံးစွဲနိုင်စေရန်အတွက် အပြာရောင်ဖြင့် ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် အများပြည်သူအလွယ်တကူကွဲပြားခြားနားစွာ သိရှိဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ပြည်ပမှတင်သွင်းပြီး ပြည်တွင်းတွင် ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်သုံးဆီများအနက်မှ စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် ရိုးရိုးဒီဇယ်ဆီ(500ppm)ကို အပြာရောင်ဖြင့် လာမည့်ဇူလိုင်လဆန်းပိုင်းမှစ၍ ဈေးကွက်အတွင်းသို့ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂၇**

မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဆက်လက်၍ နယ်မြေခံ ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ် ချမှတ်ခဲ့သည့် နှစ် (၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပမည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ရပ်ချမှတ်ခဲ့သည့် နှစ်(၇၀) ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု - ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းရောက်ရှိလာသည့် နိုင်ငံတကာအဆင့်မီ ဆီသန့်စင်စက်ပစ္စည်းများ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၇ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းဝင် အာရှသား ဆီစက်လုပ်ငန်းသို့ ရောက်ရှိပြီး တိုးချဲ့ဆီသန့်စင်စက်ရုံတည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထိုသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား အာရှသားဆီစက်လုပ်ငန်း လုပ်ကိုင်နေသူ ဦးသန်းလွင်က တိုးချဲ့မည့် ဆီသန့်စင်စက်ရုံအတွက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသော 5 TPD Cooking Oil Semi-Continuous Refining Line Machine(ဆီသန့်စင်စက်) စက်ပစ္စည်းများ ရောက်ရှိနေမှု၊ စက်ရုံကို အမြန်ဆုံးလည်ပတ်သွားနိုင်ရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်ဆီ၊ နေကြာဆီ၊ ဝါစေ့ဆီများကို အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်းများအား အပူချိန် ၂၆၀ ဒီဂရီစင်တီဂရိတ်တွင်ပေးခြင်း၊ Feed Filter များဖြင့် အဆိပ်အတောက်၊ အရောင်၊ အနံ့များ မရှိအောင် သန့်စင်၍ တစ်ရက်လျှင် ၄ တန်မှ ၅ တန်အတွင်း နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသွင်းကုန်အစားထိုးလျှော့ချနိုင်ရေးချမှတ်ထားသည့်မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည့် လုပ်ငန်းဖြစ်ကြောင်း၊ စက်ရုံကို အမြန်ဆုံးလည်ပတ်နိုင်ရန် လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်များ စတင်တပ်ဆင်ချိန်မှ ပြီးဆုံးသည်အထိ စက်တပ်ဆင်မည့် တရုတ်ပညာရှင်နှင့်အတူ မန္တလေးစိန်ပန်းစက်မှုအဖွဲ့၊ Good Brother ကုမ္ပဏီတို့မှ ပညာရှင်များအတူလာရောက်တပ်ဆင် လေ့လာစေပြီး အလားတူ ဆီသန့်စက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးစားစီမံဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာရှသားဆီစက်လုပ်ငန်းအတွင်း ဆီစက်လည်ပတ်နေမှုများ၊ ကုန်ကြမ်းစုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ စက်ဖြင့်သန့်စင်ဆီကြိတ်ခြင်း၊ ထုပ်ပိုး၍ ဈေးကွက်သို့ ဖြန့်ဖြူးခြင်းလုပ်ငန်းနည်းစဉ် အဆင့်ဆင့်ကို လိုက်လံ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြဝတီမြို့၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**မြဝတီ ဇွန် ၂၇**

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၂၆ ရက်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂၇၅) ခြေလျင်တပ်ရင်းဝင်းစက်ပစ်ကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြဝတီခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြဝတီမြို့၌ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများဖြစ်သည့်စိတ်ကြွဆေးပြား၊ ဆေးခြောက်၊ ကတ်တမင်း၊ အက်တစီ၊ အိုက်စ်၊ ဘိန်းစာရွက်၊ ဘိန်းဖြူ၊ မက်သတုံးနှင့် ဘိန်းဆီခဲတို့ကို မီးရှို့ဖျက်ဆီးခဲ့ရာ မူးယစ်ဆေးဝါးများ၏ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၀၁၉၆၂၂၅၅ ဒသမ ၅ ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား




ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၇**

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ကျင်းပရာ ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC joint Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချိတ်ဆက်တိုးတက်လာနိုင်မည်**

ဦးစွာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိရှိ အသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံအဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့်နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေပြီး The Global Value Chain ဟုခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

**ပြုစုပျိုးထောင်ပေး**

Digital Transformation လုပ်ငန်းများ အောင်မြင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးကဏ္ဍစုံကို Digital Transformation ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေမည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030)(Final Draft)ကို ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်များဖြင့် DEDC ကော်မတီ၏လုပ်ငန်းရပ်များ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေး အခြားအကြံပြုလိုသည်များကိုလည်း ပွင့်လင်းစွာတင်ပြပေးကြစေလိုကြောင်းပြောကြားသည်။

**ထိရောက်စွာအကောင်အထည်ဖော်**

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်ကရေးဆွဲခဲ့သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်ပါ စီးပွားရေးဦးတည်ချက် (၃) ရပ်နှင့်အညီ ဖြစ်စေရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) နှင့် ဒေသတွင်းအာဆီယံတို့တွင် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် E–Commerce & Digital Economy ဆိုင်ရာကတိကဝတ်များနှင့် ကိုက်ညီစေရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် Action Plan များကို ခေတ်ကာလနှင့်အညီ လက်တွေ့တွင် အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းစဉ်များ ဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်၍ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030 – Final Draft) အဖြစ်ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပြမြေပုံပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ လက်အောက်ရှိ လုပ်ငန်းကော်မတီ ငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

အစည်းအဝေးတွင် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030– Final Draft) ကို Living Document အဖြစ် အတည်ပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက် အရေးပါသောသီးနှံဖြစ်သည့် ရော်ဘာကို ပြည်နယ်အတွင်း ပိုမိုတိုးချဲ့စိုက်ပျိုး

**မုဒုံ ဇွန် ၂၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ Rubber Wood ကုမ္ပဏီများမှ ပင်အိုခုတ်လှဲခွင့်ရ တောင်သူများသို့ ရော်ဘာပျိုးပင်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် စီးပွားရေးအရအရေးပါသော သီးနှံဖြစ်သည့် ရော်ဘာကို ပြည်နယ်အတွင်း ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ဧရိယာများအနက် မွန်ပြည်နယ်သည် ရော်ဘာစိုက်ဧကအများဆုံးဒေသဖြစ်ရာ (၂၀၂၃–၂၀၂၄) ခုနှစ်တွင် စိုက်ဧကငါးသိန်းကျော် စိုက်ပျိုးထားရှိကာ တစ်နိုင်ငံလုံး၏ စိုက်ဧရိယာ ၃၀ ဒသမ ၈၈ ဧက ရှိပြီး ရော်ဘာ အစေးလှီး ဧရိယာ ၃၅ ဒသမ ၁၅ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရော်ဘာအခန်းကဏ္ဍသည် အဓိကပါဝင်နေသောကြောင့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ရေးအတွက် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်၏ စိုက်ဧရိယာများတွင် ၉၀ ရာခိုင်နှုန်းသည် ဒေသခံတောင်သူ ရော်ဘာခြံရှင်ငယ်များ ဖြစ်သည့်အတွက် ရော်ဘာစိုက်ပျိုးမှုအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေး၊ တည်ငြိမ်သောဈေးနှုန်းရရှိစေရေးတို့အတွက် သက်ဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက Rubber Wood ကုမ္ပဏီများမှပံ့ပိုးသည့် ရော်ဘာပျိုးပင်များကို ပင်အိုခုတ်လှဲခွင့်ရ ရော်ဘာစိုက်တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်မျိုးသူ (ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ နှင့် နယူးဒေလီမြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံ



**နယူးဒေလီ ဇွန် ၂၇**

အာရှပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ (၁၉) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ခရီးစဉ်ဒုတိယပိုင်းအဖြစ် ဇွန် ၂၅ ရက်တွင် အီရန်နိုင်ငံ၊ တီဟီရန်မြို့မှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ဆက်လက်ထွက်ခွာလာခဲ့ရာ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။ နယူးဒေလီမြို့သို့ ရောက်ရှိစဉ်အတွင်း မြန်မာသံရုံး၊ နယူးဒေလီမြို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။



**နှစ်နိုင်ငံသီးခြားတွေ့ဆုံဆွေးနွေး**

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် **အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ**နှင့် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံသီးခြားတွေ့ဆုံ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

**အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်တွေ့ဆုံစဉ်** မြန်မာနှင့်အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ တိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ပရေးရာဝန်ကြီးအဖြစ် ဆက်လက်ခန့်အပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် (ကြာသပတေးနေ့) ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်ကျင်းပ



**နေပြည်တော် ဇွန် ၂၇**

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် "ကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ်" ကို ယနေ့နံနက် ၉ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာအမျိုးသမီးများသည် နိုင်ငံ၏ အရေးပါသောကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေရသည့်အပြင် မိသားစု၏ တာဝန်များကိုလည်း တာဝန်ယူ ဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသဖြင့် နိုင်ငံ၏ ကြီးမားသော အင်အားစုဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အမျိုးသမီးများ ကျန်းမာကြံ့ခိုင်စေရန်အတွက် နေ့စဉ်ကျန်းမာရေး အလေ့အကျင့် ကောင်းများကို ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ အားကစားနည်းပြများက ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးမြို့၌ နှမ်းရိုးအခြေခံ သဘာဝမြေဩဇာ ထုတ်လုပ်နည်း လက်တွေ့သရုပ်ပြ



**မကွေး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ တောင်သူများအား နှမ်းရိုးအခြေခံ သဘာဝမြေဩဇာ ထုတ်လုပ်မှုနှင့် EM(Effective Microorganism) ပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်သမဝါယမ အသင်းစုရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်မင်းက နှမ်းရိုးအခြေခံ သဘာဝမြေဩဇာ ထုတ်လုပ်မှုနှင့် EM(Effective Microorganism) ဖော်စပ်နည်း၊ ဖျော်စပ်နည်း၊ အသုံးပြုမည့်အချိန်အသင့်သုံး(EM) အဖြစ် ပြုလုပ်နည်း၊ အသင့်သုံး (EM) ဖြင့် နှမ်းရိုးသဘာဝမြေဩဇာ ပြုလုပ်နည်း၊ သီးပင်၊ စားပင်၊ သီးနှံများအတွက် (EM) အသုံးပြုနိုင်သည့် နည်းများ၊ နှမ်းရိုးသဘာဝမြေဩဇာအသုံးပြုပုံနှင့် အကျိုးရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဝန်ထမ်းများက EM(Effective Microorganism) ပြုလုပ်နည်း အဆင့်ဆင့်ကို တောင်သူများအား လက်တွေ့သရုပ်ပြခဲ့ပြီး တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**ဇော်ဘီ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) က ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေနေမှု ကြည့်ရှုအားပေးစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများမှ နာယကများနှင့်ဥက္ကဋ္ဌများ၊ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်တေးသီချင်း ချစ်သူပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တေးသံရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**တစ်ခဲနက်ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေးကြသည့် တေးသီချင်းချစ်သူပရိသတ်များ လက်ကိုင်ငွေ့ယမ်းအားပေးနိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ အလှလက်ကိုင်မီး ၁၀၀၀ အား မေတ္တာလက်ဆောင်ပေးအပ်ရာ အဆိုပါ အလှလက်ကိုင်မီးများဖြင့် ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေး၍ လိုက်ပါသီဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ်အဖြစ် ဆင်ကြီးဂဠုန်ချီ၊ လူချွန်လူကောင်း၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ နဂါးနီ၊ နိုင်ငံတော်သီချင်းနှင့် စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်တို့ကို အဖွင့်တီးလုံးအဖြစ် Performance အကများဖြင့် တီးခတ်ဖျော်ဖြေကြသည်။

**ဂုဏ်ပြုပန်းစည်းများပေးအပ်**

ဆက်လက်၍ မြန်မာဂီတ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့် အား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ထို့နောက် တေးဂီတဖျော်ဖြေပွဲတွင် စန္ဒရားဘိုတာထွန်းညွန့် တေးဂီတအဖွဲ့၊ ART ROBOT (သုခုမစက်ရုပ်များ)တေးဂီတအဖွဲ့၊ IMMORTAL BAND & PLUSTHREE တေးဂီတအဖွဲ့၊ HORIZOON တေးဂီတအဖွဲ့တို့က ဖျော်ဖြေတီးခတ်ပေးပြီး ထား၊ မြန်မာပြည်သိန်းတန်၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ် **(အပေါ်ပုံ)**၊ ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဂျက်မြသောင်း၊ မေရွက်ဝါ၊ Lဆိုင်းဇီ၊ အိုင်းရင်းဇင်မာမြင့်၊ နောနော်၊ ဖိုးသောကြာ၊ ကောင်းဆက်၊ ဝေလ၊ ညီမင်းခိုင်၊ ပူစူး၊ အောင်ထက်၊ အစ္စဏီ၊ ဖွဲ့ပြည့်၊ ဟန်ထူးဈာန်၊ ရဲထိုက်၊ သီရိဂျေမောင်မောင်၊



မြန်မာဂီတ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့် အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။

ဂျေညီမလေး၊ ပိုပို၊ မီးနို၊ အိအိ၊ ချယ်ရီသင်း၊ မေသက်ထားဆွေ၊ အေးမြဖြူ၊ ဖြိုးကျော်ထိုက်၊ ဆိုင်းစံ၊ မေစံပယ်ညို၊ အောင်အေးချစ်၊ ရွှေနန်းထက်၊ စစ်မာန်နှင့် ကြည်ဖြူခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ယနေ့ဖျော်ဖြေပွဲတွင် စုစုပေါင်း တေးသီချင်းပုဒ်ရေ ၈၀ ခန့် သီဆိုဖျော်ဖြေခဲ့ကြသည်။

၁၉၃၆ ခုနှစ် ဇွန် ၂၇ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

မြန်မာ့ဂီတနေ့ သတ်မှတ်နိုင်ရန်အတွက် ဂီတပညာရှင်များက အကြံပြုကြရာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် မြန်မာ တိုင်းရင်းသားများ၏ တိုင်းချစ်၊ ပြည်ချစ် စိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသော သမိုင်းပေး တာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာဖြစ်အောင်၊ ဂီတသမားများထာဝစဉ် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နေစေရအောင် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သော ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် သတ်မှတ်ရန် ၂၀၂၃ ခုနှစ် ဇွန် ၄ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် သတ်မှတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

**ဂီတဆုချီးမြှင့်ပွဲများ ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) က သမိုင်းဝင်ဂီတနေ့ဖြစ်သော ဇွန် ၂၇ ရက်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဂီတပြိုင်ပွဲများ၊ ပြပွဲများ၊ ဂီတဆုချီးမြှင့်ပွဲများနှင့် ဂီတနှင့်ပတ်သက်သော လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဇွန် ၂၇ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ ဂီတနေ့ ဂီတဖျော်ဖြေပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိကြသည်။

**သတင်းစဉ်**

## ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာလုပ်ငန်းစည်းဝေး

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။



အစည်းအဝေးတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်နိုင်ရေးအတွက် စာရင်းစစ်/ စာရင်းကောက်များ၊ ပရဟိတအဖွဲ့များ စနစ်တကျဖွဲ့စည်းရေး၊ မြို့နယ်အဆင့် သင်တန်းပို့ချနိုင်ရေး၊ သင်တန်းခန်းမ စီစဉ်ဆောင်ရွက်ရေး၊ ပြည်သူအားလုံးပါဝင်နိုင်ရန် ဟောပြောပွဲများ/ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် အစီအမံရေးဆွဲခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်အတည်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များရှိ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဇွန် ၂၇**

ရှမ်းပြည်နယ် ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်တို့ရှိ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ဇွန် ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ သက်ဆိုင်ရာမြို့နယ်များရှိ သမဝါယမဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုတင်ပြကြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ရှင်းလင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပင်လောင်း



မြို့နယ် သမဝါယမအသင်းစု၌ အသင်း အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမအသင်းစုပိုင်မြေရတနာတည်းခိုခန်း ဖွင့်လှစ်ထားရှိမှု၊ စာရေးကိရိယာနှင့်လူသုံးကုန်ပစ္စည်းရောင်းချနေသည့် သမဝါယမအသင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှု၍ သက်သာသောဈေးနှုန်းဖြင့် အသင်းသားပြည်သူများသို့ ရောင်းချပေးရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ်အတွင်း သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေး Bill Board စိုက်ထူပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

**၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်သူများ သိရှိနားလည် ပူးပေါင်းပါဝင်လာစေရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ Bill Boardများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ခရိုင်အလိုက် မြို့ကြီးများ၏ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများတွင် စိုက်ထူဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး Bill Board စိုက်ထူပွဲကို ယနေ့နံနက် ၈နာရီခွဲက ဥတ္တရသီရိမြို့နယ် ရာဇဌာနီလမ်းနှင့် မန္တလေးလမ်းထောင့်၌ ကျင်းပသည်။**

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် အသိပညာပေး Bill Board ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ယာပုံ) ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ခရီးသွားပြည်သူများထံ သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူမည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၀၀ ကျော်ကို စာရင်းစစ်၊စာရင်းကောက် ၁၁၀၀ ကျော်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) တတိယနေ့ Plenary Session ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်ကြီးများ၊ ပါမောက္ခများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးကြသည်။



ယနေ့တွင် ညီလာခံဒုတိယနေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲခေါင်းစဉ်ကြီး ခြောက်ခုဖြင့် စာတမ်းရှင်များနှင့် တက်ရောက်သူများ အကြံပြုဆွေးနွေးညှိနှိုင်းရရှိခဲ့သည့် ဆွေးနွေးပွဲရလဒ်ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဆွေးနွေးပွဲအုပ်စု သဘာပတိနှင့် စာတမ်းရှင်များက တင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ Parallel Session 1 မှ စာတမ်းရှင်များကိုယ်စား ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်လတ်ထွန်းက **"အခြေခံပညာကဏ္ဍ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွက်လာစေရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာကဏ္ဍကျောင်းများတွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွန်းလာရေးနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေး လုပ်ငန်းဆောင်ရွက်မှု အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် Parallel Session 2 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုက **"အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြရာ စာတမ်းပါအကြောင်းအရာများနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် Parallel Session 3 မှ စာတမ်းရှင်များကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင်က **"ထုတ်လုပ်မှုကို အားပေးသော သက်မွေးပညာတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြား ဆွေးနွေးခဲ့ကြသည့် စာတမ်း ခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session 4 မှ စာတမ်းရှင်များကိုယ်စား ဆရာအတတ်ပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က **"ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ် မြှင့်တင်ရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session 5 မှ စာတမ်းရှင်များ ကိုယ်စား မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆောဘောင်မ်က **"သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတို ရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session 6 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီအောင်က **"အရည်အသွေး အာမခံမှုရှိသော ပညာရေးစနစ် ပိုမို အားကောင်းလာစေရေး"** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍လည်းကောင်း စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကိုလေးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ၏ ဆွေးနွေးမှုအနှစ်ချုပ် အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုလိုညီလာခံကြီးက ချမှတ်လိုက်သည့် ရေတိုရေရှည်လုပ်ငန်းအစီအစဉ်များကို အောင်မြင်အောင် ဟန်ချက်ညီညီနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးကို တိုက်တွန်းလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာကို မြင့်မားအောင် မြှင့်တင်ပေးနိုင်သူ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ပွားများအောင် ပဲ့ပြင်ဆုံးမနိုင်သူ၊ ဘဝလမ်းတစ်လျှောက် ဖြောင့်မတ်အောင် လမ်းပြပေးနိုင်သူသည် ဆရာ ဆရာမများဖြစ်သည့်အတွက် မိမိတို့၏ တပည့်သားမြေးများ၏ အနာဂတ်ဘဝ သာယာလှပရေး ဆရာ့ဂုဏ်နှင့်အညီ ပျိုးထောင်ပေးရင်း ညီလာခံကြီး၏ ရှေ့လုပ်ငန်းအစီအစဉ်များ အောင်မြင်စေရန် တစ်ဖက်တစ်လမ်းက လက်တွဲဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားကာ ညီလာခံအောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မဟာအောင်မြေမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် စာရင်းများ တိုက်ဆိုင်စစ်ဆေး

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေ စာရင်း မှန်ကန်စေရေး စတုတ္ထအကြိမ်မူကြမ်းစာရင်း စစ်ဆေးခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဇွန် ၂၆ ရက်က စတင်ဆောင်ရွက်သည်။

အဆိုပါ စာရင်းများ ရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိရာ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးရဲမင်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထားဝယ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇွန် ၂၇

**၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလို နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်း ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ထူးချွန်သည့် လူတော်လူကောင်းများ ဖြစ်လာကြစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်မြောက်မှုသာလျှင်အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား သုံးသပ်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကြိုးစားသင်ယူ လေ့လာကြစေလိုကြောင်း၊ နိုင်ငံတော်က ပညာရေးရင်းနှီးမြှုပ်နှံမှုကို အလေးထား အားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်များ ပေါ်များလာရေး၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး စဉ်ဆက်မပြတ် ပညာသင်မှု အခွင့်အလမ်းရရှိရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရဝန်ထမ်းသား /သမီး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ငွေကျပ် ၁၂ သိန်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးအား ငွေကျပ် လေးသိန်း၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ငွေကျပ် လေးသိန်း၊ ရိုးရိုးအောင်မြင်သူ ခုနစ်ဦးအား ငွေကျပ် ခုနစ်သိန်း၊ စုစုပေါင်း ချီးမြှင့်ငွေကျပ် ၂၇၀၀၀၀၀ ကို ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ပေးအပ်ပြီး



Petro and trans ကုမ္ပဏီလီမိတက်နှင့် P.T.C ကုမ္ပဏီလီမိတက်တို့ကလည်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ငွေကျပ်သိန်း ၂၀ ကို ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်မိုးမြင့်ထက်အောင်က ဂုဏ်ထူးများဖြင့် အောင်မြင်အောင် ကြိုးစားခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် ဇွန် ၂၇

ကယားပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်မှုများကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ရပ်တန့်သွားခဲ့ကြောင်း၊ ယခုအခါ ပြည်နယ်အတွင်း ပြန်လည်တည်ငြိမ် အေးချမ်းလာပြီဖြစ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ချေးငွေများနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အမှန်တကယ်အကျိုးရှိပြီး ကျေးရွာလူထုကိုယ်တိုင် ပါဝင်သည့် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးနှင့် ယင်းတို့ကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို ဦးစားပေး ပြန်လည်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်နယ်၏ စီးပွားရေးကဏ္ဍနှင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနအသီးသီးက အရှိန်အဟုန်မြှင့် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့၏ ကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် မန္တလေးတိုင်းဒေသကြီး သာစည်ခရိုင်ရှိ ၁၃၂ကေဗွီ ရေပေါင်းဆုံ ပင်မဓာတ်အားခွဲရုံနှင့် ကလောခရိုင် အောင်ပန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၆ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်ခရိုင်ရှိ ၁၃၂ ကေဗွီ ရေပေါင်းဆုံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေး ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံဝင်းရှိ ဓာတ်အားလိုင်းနှင့် လွတ်ကင်းသည့် မြေလွတ်များတွင် သီးပင်စားပင်နှင့် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိရန်မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် ဆွိုယာဒ် (Switch Yard) အတွင်းရှိ ဓာတ်အား ထိန်းချုပ်ပစ္စည်းများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် အောင်ပန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ပြည်သူများ၏ ဓာတ်အားသုံးစွဲမှု မှန်ကန်မှုရှိစေရေးနှင့် မီတာယူနစ်များ လိုဖတ်၊ ပိုဖတ်ခြင်းမရှိစေရေး သတ်မှတ်ကာလအတွင်း မီတာများ ပုံမှန်ဖတ်ရှုရန်နှင့် ဓာတ်အားခများ ပုံမှန်ကောက်ခံရရှိရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေး ရပ်၊ ပျက်၊ နေးမီတာများကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ အမြန်ဆုံးအစားထိုးလဲလှယ် တပ်ဆင်ပေးရန်၊ မိုးဦးကာလရောက်ရှိလာပြီဖြစ်၍ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ပုံမှန်ရှင်းလင်းခုတ်ထွင်သွားရန်နှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်တို့ကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၇

အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျပန်း၊ စာစီစာကုံး၊ ကဗျာ၊ ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ခရိုင် (ပြန်/ဆက်) ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က အမှာစကားပြောကြားပြီး ခရိုင်(ပြန်/ဆက်) ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ပြိုင်ပွဲများ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# နှလုံးသားထဲက မြကန်နှင့် ပုဂံလွမ်းချင်း

မြင့်စိုး(နတလ)

မြကန်သာ
တောင်ကျချောင်းတေး
ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ
ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ
ငှက်မျိုးစုံသည်
ဘုံဝတီသာ
နန္ဒာပေလော
တူစွဟုတ္တာ

အမည်မသိရှေးစာဆို
[ပုဂံခေတ်ကျစွာမင်းလက်ထက်ခန့်]

**နှလုံးသားထဲက မြကန်**

နှလုံးသားထဲက မြကန်ဟု ကျွန်တော် တင်စားခေါ်ဝေါ်လိုက်ရခြင်းမှာ ၁၉၇၅၊ ၁၉၇၆ ခုနှစ်အချိန်ကာလ၊ ပုဂံဆိုတာ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်ရှိသည်ကိုပင် တိတိပပ မသိသေးသော အထက်တန်း ကျောင်းသားဘဝကတည်းက "မြကန်" သည် ကျွန်တော့်ရင်ထဲသို့ တိုးဝှေ့နေရာယူထားပြီး ဖြစ်နေ၍ပါတည်း။ အမည်မသိရှေးစာဆို ရေးဖွဲ့ထားသော မြကန်ကဗျာလေးက တစ်ကြောင်းချင်းလည်း တစ်ကြောင်းချင်းမို့၊ တစ်ပုဒ်လုံးလည်း တစ်ပုဒ်လုံးမို့ မေ့ထားဖို့ရာ၊ မေ့သွားဖို့ရာ မစွမ်းသာသောကြောင့် ယနေ့အသက် ၆၆ နှစ် အဖိုးအိုပေါက်စဘဝရောက်သည်ထိ နှလုံးသားမှာ စူးစူးနစ်နစ် ထိုးစိုက်နေရာယူထားခြင်း ဖြစ်ပါလိမ့်မည်။ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊ နန္ဒာပေလော ဆိုသည့် အဖွဲ့အနွဲ့က အလင်္ကာမြောက်လွန်းလှသလို ကြားရခဲမြင်ရခဲပေလို့လားတော့မသိ၊ "တူစွဟုတ္တာ" ဆိုသည့် စကားလုံးလေးများ၏ အဖိအဖော့ကို ခံစားလာမိသည်မှာလည်း နှစ်ပေါင်း ၄၀ မကတော့ပြီ။ ဆိုရသော် ကျွန်တော့်နှလုံးသားထဲမှာ မြကန်၏ ပုံရိပ်များက အမြဲတမ်း တည်ရှိလို့နေပါသည်။

မြကန်သည် တုရင်တောင်၏ အနောက်ဘက်တွင်တည်ရှိပြီး ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး ကိုယ်တိုင် ဦးဆောင်လျက် ပုဂံသူပုဂံသားအပေါင်းတို့ တူးဖော်ထားသော ကန်ဖြစ်ကြောင်း၊ မြကန်၏ မူလအမည်မှာ မဟာနိဗ္ဗာနလက်ဆွဲချီရေကန် (မဟာနိဗ္ဗာန်လက်ဆွဲချီကန်) ဖြစ်ကြောင်း၊ သေခြင်းမရှိသောဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အမရကန် (မ-မရဏ) ဟူ၍လည်း ခေါ်ကြကြောင်း သိရသည်။ ကန်အမျိုးအစားမှာ ပိုက်လှမ်းတောင်အား တာတမံအရံအတားမျိုး ပိတ်ဆို့ကာဆီးဆောင်ရွက်ထားသည့် တစ်ဖက်ဆည်ကန် အမျိုးအစားဖြစ်သည်။ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ပုဂံကျစွာမင်းကြီးက မြကန်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည် ဆို၏။ သို့ကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ အမည်မသိရှေးစာဆို၏ ရေးဖွဲ့သည့်အချိန်ကာလကို ပုဂံခေတ်ကျစွာမင်းလက်ထက်ခန့်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။



မြင်းကပါရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံစဉ်။

**မြကန်သို့ ရောက်ခဲ့ကြသည်**

သည်တစ်ခေါက် ပုဂံ/ ညောင်ဦးခရီးစဉ်မှာ တုရင်တောင်ခြေရှိ မြကန်သို့ အရင်သွားဖြစ်ခဲ့ကြသည်။ ပုဂံသို့ မရောက်မီ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှာ မိတ္ထီလာမြို့နယ်အတွင်းရှိ ရေချိုကျေးရွာအုပ်စု ကျေးရွာ ၁၄ ရွာက ဝါစိုက်သမဝါယမ အသင်းသား တောင်သူများနှင့် တွေ့ဆုံပြီး ဝါအထွက်တိုးဖို့၊ အဆင့်မီဝါများရရှိစေဖို့အတွက် မျိုးနှင့်သွင်းအားစု ဓာတ်မြေဩဇာများ ပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဝါကြိတ်ဝါဖိစက်များ လိုအပ်လျှင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝါကြိတ်ဝါဖိစက်ရုံများတွင် စက်အင်အားတိုးချဲ့လိုပါကလည်း ကူညီချိတ်ဆက်ဆောင်ရွက်ပေးမည်။ နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်သော အဆင့်မီချည်မျှင်ထုတ်လုပ်ခြင်း၊ အထည်ရက်လုပ်ခြင်းလုပ်ငန်းများအထိ တောင်သူများ၊ လုပ်ငန်းရှင်များ စနစ်တကျ ပါဝင်လာစေရေးတို့ကိုလည်း တိုက်တွန်းမှာကြားခဲ့သည်။ စက်မှုဝန်ကြီးဌာန၏ ချည်မျှင်နှင့် အထည်စက်ရုံများ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများ၊ ပုဂ္ဂလိက ချည်မျှင်နှင့် အထည်စက်ရုံများနှင့် တောင်သူများ အချိတ်အဆက်မိရန် လိုအပ်သကဲ့သို့ ရက်ကန်းလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍မရပေ။ ဆိုရသော် ဝါပင်စိုက်၍ ဝါဂွမ်းထုတ်ယူပြီး ချည်ထည်ရက်လုပ်သည့်အဆင့်ထိ ဝါလုပ်ငန်းစဉ်ကြီး တစ်ခုလုံးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် မိမိပါဝင်ရမည့် အခန်းကဏ္ဍအလိုက် ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုပါသည်။

ဝါစိုက်ပျိုးရေးကိစ္စကို ရေချိုရွာမှာ ပြောဆိုဆွေးနွေးအပြီး ကျောက်ပန်းတောင်းမြို့နယ်ထဲက ကြက်ပြစ်ကျေးရွာသို့ ဆက်လက်ထွက်ခွာကြကာ သမဝါယမအသင်းဖွဲ့ထားသော ဝါစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့သည်။ မိုးဝါမိသူများ မိုးဝါစိုက်ပျိုးရေးအတွက် မျိုးရထားပြီး/မပြီး၊ မရသေးလျှင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည်။ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထည့်သွင်းနိုင်ရေး၊ ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေး ကူညီပံ့ပိုးပေးမည်။ ထိုမှ ကျောက်ပန်းတောင်းမြို့နယ်ထဲက နှစ်ကျပ်ခွဲကျေးရွာသို့ ရောက်ရှိချိန်မှာမူ ဆီထွက်သီးနှံစိုက်ပျိုးရေးကို ဦးစားပေးဆွေးနွေးဖြစ်သည်။ သည်ရွာက အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး ဆီထွက်သီးနှံ မြေပဲ၊ နှမ်းကိုသာ အများဆုံးစိုက်ပျိုးသောရွာဖြစ်၏။ ထီးတော်ရှင်(ထီးလှူပ်ဘုရား)ရှိနေ၍လည်း လူသိများသောရွာကြီးဖြစ်သည်။ နှစ်ကျပ်ခွဲရွာမှ တောင်သူများနှင့် တွေ့ဆုံအပြီး ပုဂံ/ညောင်ဦးကို ခရီးဆက်ခဲ့ရာ ထိုနေ့ညနေပိုင်းမှာ ရောက်လာခဲ့ကြသည်။ အတူလိုက်ပါလာသည့် အဖွဲ့ဝင်များထဲ၌ မြကန်ကို မရောက်ဖူး၊ မမြင်ဖူးသေးသူများရှိနေ၍ သူတို့ကို ပို့ဆောင်ပေးချင်သည်။ ကိုယ်တိုင်ကလည်း မြကန်၏အငွေ့အသက်ကို ပြန်လည်ခံစားလိုသည်။ သည့်အတွက် ကျွန်တော်တို့အဖွဲ့ ဇွန်လ ၁၈ ရက်နေ့ ညနေပိုင်းမှာ တုရင်တောင်ခြေအနီးက မြကန်သို့ ရောက်ရှိခဲ့ကြသည်။

**ကျန်စစ်သားမင်းကြီး၏ မြကန်ကျောက်စာ**

အချို့သောနှစ်များ၌ ယခုလို ဇွန်လရောက်လျှင် မြကန်အတွင်းမှာ ရေစဝင်နေပြီဖြစ်ကြောင်း သိရသည်။ မြကန်၏ ကန်ပေါင်ရိုးပေါ်မှာ လှမ်းမျှော်ကြည့်ရှုလျှင် ကျန်စစ်သားမင်းကြီး၏ မြကန်ကျောက်စာစိုက်ထူခဲ့သော အမှတ်အသားပြနေရာလေးကို တွေ့နေရသည်။ အဆိုပါကျောက်စာမူရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ သိမ်းဆည်းထားကြောင်းနှင့် ကိုယ်ပွားကျောက်စာတစ်ချပ်ကိုမူ ကန်ပေါင်ပေါ်ရှိ အဆောက်အဦလေးထဲတွင် ထားရှိပေးကြောင်း သိရ၍ ဝင်ရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

ဂြိ။ နမောတဿ ဘဂဝတော အရဟတော သံမာသံဗုဒ္ဓဿ ပွတိဓမ္မရာဇဿ ... မုနိ အစချီ၍ ရေးသားထားသော ပါဠိစကားလုံးများ၏ အောက်တွင် မြန်မာအဓိပ္ပာယ်ပြန်ဆိုထားသည်မှာ လူတို့၏ သက်တမ်းနှစ်သောင်းကာလ၌ ကဿပဗုဒ္ဓဘုရားသခင်သည် ဤလောကတွင် ပွင့်တော်မူပြီးနောက် ဗာရာဏသီပြည်ကိုအမှီပြု၍ ဣသိပတနမည်သော မိဂဓါဝုန်တောဝယ် မဟာဝိဟာရကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အတို့သခင် ဤအရှင်တရားမင်းသည် ကုဋေရှစ်ဆယ်ရှိသော သူကြွယ်ဖြစ်၍ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ အထူးထူးသောကောင်းမှုတို့ကိုပြု၏။ ထိုကဿပဗုဒ္ဓဘုရားသာသနာတော်၌ အသက်အတိုင်းနေ၍ ထိုမှစုတေခဲ့သော် ပါဋ္ဌလိပုတ်ပြည်တွင် မင်းမျိုး၌ ဖြစ်လာ၏။ ထိုအခါ ရန်စစ်ဝန်ကြီးသည် ထခဲ့၏။ ပါဋ္ဌလိပုတ်ပြည်တွင် သွား၍ဖြစ်သော အတို့သခင်တရားမင်းသည် ထိုစစ်ကိုလျှင် အကြွင်းမဲ့ ရှုံးစေ၍ (ဝါ) အရှုံးကြီးရှုံးစေ၍ လူအပေါင်းတို့အား ချမ်းသာစေ၏။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ အထူးထူးသောကောင်းမှုတို့ကိုပြု၏။ မင်းကျင့်တရားဆယ်ပါးကို စောင့်ထိန်းပြီးလျှင် အသက်အတိုင်းနေ၍ ထို ——— ခဲ့သော် ——— မပြည်ရာမ မင်းမျိုး၌ ဖြစ်လေ၏။ ကိုယ်ပွားကျောက်စာ၏ အောက်ဆုံးစာကြောင်း စာလုံးနှစ်လုံးကိုမူ ကျွန်တော်ဖတ်မရခဲ့ပါ။

*စာမျက်နှာ ၁၁ သို့*



အရှေ့ဖွားစောကျေးရွာအဝင်လမ်းအား စတင်ပြုပြင်ဖောက်လုပ်ပေးနေစဉ်။

> **"မြကန်သည် တုရင်တောင်၏ အနောက်ဘက်တွင်တည်ရှိပြီး ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးကိုယ်တိုင်ဦးဆောင်လျက် ပုဂံသူပုဂံသားအပေါင်းတို့ တူးဖော်ထားသော ကန်ဖြစ်ကြောင်း၊ မြကန်၏မူလအမည်မှာ မဟာနိဗ္ဗာနလက်ဆွဲချီရေကန်(မဟာနိဗ္ဗာန်လက်ဆွဲချီကန်) ဖြစ်ကြောင်း၊ သေခြင်းမရှိသောဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အမရကန် (မ-မရဏ) ဟူ၍လည်း ခေါ်ကြကြောင်း သိရသည်။ ကန်အမျိုးအစားမှာ ပိုက်လှမ်းတောင်အား တာတမံအရံအတားမျိုး ပိတ်ဆို့ကာဆီး ဆောင်ရွက်ထားသည့် တစ်ဖက်ဆည်ကန် အမျိုးအစားဖြစ်သည်"**

# ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်းလုပ်သားဦးရေ ၁၄၈၄ ဦးနှင့် ပြည်ပလုပ်သားဦးရေ ၆၈ ဦး ဖန်တီးပေးနိုင်ခဲ့

**တောင်ကြီး ဇွန် ၂၇**

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နည်းပညာများရရှိရေး၊ ကုန်သွယ်မှုတိုးပွားစေရေး၊ ငွေကြေးအရင်းအနှီးများ ရရှိရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန် ကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က Myanmar LT Development Co., Ltd.၏ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြ၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၃ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၂ သန်းအပါအဝင် ကျပ် ၄၆၂၁၆ ဒသမ ၃၀၁ သန်းကို ခွင့်ပြုပေးထားခဲ့ပြီး ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၁၄၈၄ ဦးနှင့် ပြည်ပ ၆၈ ဦးအား ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



*စာမျက်နှာ ၁၀ မှ*

**အရှေ့ဖွားစော၊ မြင်းကပါနှင့် မင်းနန်သူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့ထိ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သို့ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း အောက်ပါအတိုင်း လမ်းညွှန်ခဲ့ပါသည်-

**“ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိရေကန်များနှင့်အထင်ကရနေရာများသို့ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ဂျင်းကျောက်ဖြင့် လမ်းများခင်းပေးရန်”**

အထက်ပါလမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ မေလ ၂၈ ရက်နေ့၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ဖောက်လုပ်ပေးရမည့်လမ်းများ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လမ်းများကို ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူမည့်လမ်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူမည့်လမ်းများ အကြမ်းဖျင်းခွဲဝေသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လျာထားသတ်မှတ်ချက်အရ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူပြုပြင်ဖောက်လုပ်ပေးရမည့် ပထမဦးစားပေး ခြောက်လမ်းမှာ အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့သွားသောလမ်း၊ မြင်းကပါ ကျေးရွာတွင်းလမ်းများ၊ ကုန်းတန်းကြီးကျေးရွာ အဝင်လမ်း၊မင်းနန်သူကျေးရွာအဝင်လမ်း၊ အနောက်ဖွားစောကျေးရွာအဝင်လမ်း၊ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်းတို့ ဖြစ်ပါသည်။ ဒုတိယဦးစားပေး သုံးလမ်းမှာ ဖျောက်ဆိပ်ပင်ကျေးရွာ အဝင်လမ်း၊ မင်းနန်သူကျေးရွာ ရွာတွင်းလမ်းများ၊ တောင်ဘီကျေးရွာ ရွာတွင်းလမ်းများ ဖြစ်ကြသည်။

ဇွန်လ ၁၉ ရက်နေ့တွင်ကျွန်တော်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် အင်ဂျင်နီယာများ၊ ဒေသမှတာဝန်ရှိသူများ လိုက်ပါလျက် အထက်ပါလမ်းကိုးလမ်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ လမ်းကိုးလမ်းအနက် အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့ သွားရာလမ်း၊ မြင်းကပါကျေးရွာတွင်းလမ်းများနှင့် ကုန်းတန်းကြီးကျေးရွာအဝင်လမ်းတို့တွင် ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အရှေ့ဖွားစော၊ အနောက်ဖွားစောရွာများသည် ပုဂံခေတ် နရသီဟပတေ့မင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မိဖုရားဖွားစောနှင့် ဆက်နွယ်နေသော ရွာများ ဖြစ်ကြသည်။ မိဖုရားဖွားစောကို စောလှဝန်းဟူ၍လည်း ခေါ်ကြ၏။ ပုဂံခေတ်တွင် မိဖုရားသက်တမ်းရှည်ကြာသူ၊ ဉာဏ်ပညာကြီးသူ၊ ရုပ်ရည်ချောမောသူအဖြစ်နှင့်လည်း ထင်ရှားခဲ့သည်။ နရသီဟပတေ့ဘုရင်ကိုလည်း ထိန်းကျောင်းတည့်မတ်ပေးနိုင်သူဟူ၍လည်းသိရ၏။ နရသီဟပတေ့မင်း လွှန်လေသောအခါ ကျော်စွာမင်းကို လည်းကောင်း၊ တစ်စီးရှင်သီဟသူကိုလည်းကောင်း ထီးနန်းရရှိအောင် ကူညီပေးခဲ့သူလည်းဖြစ်၏။



ပြုပြင်ဖောက်လုပ်ပေးထားသော မြင်းကပါကျေးရွာ အဝင်လမ်း။

မိဖုရားဖွားစောသည် အေဒီ ၁၂၈၅-၈၆ တွင် ကွယ်လွန်သည်ဟု ဖော်ပြထားရာ ယင်းနောက်ပိုင်းတွင် စောဘွဲ့ခံမိဖုရား အများအပြားပေါ်ထွက်ခဲ့ကြောင်း၊ မိဖုရားဖွားစော၏ ညီမတော်များထဲမှ တတိယဖွားစောအမည်ခံမိဖုရားသည် သားတော် သမီးတော်တို့နှင့်အတူ ပုဂံ၏အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် ရွာကြီးတစ်ရွာတည်ခဲ့ရာ ဖွားစောရွာဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

အရှေ့ဖွားစောရွာအဝင်မှ ဇေယျဝေရီကန်သို့ သွားရာလမ်းသည် တစ်မိုင် သုံးဖာလုံခန့် ရှည်လျားပြီး ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ အနိမ့်ပိုင်း ပေ ၅၂၄၀ ခန့်ကို နှစ်ပေ မြေသားထုဖို့ပေးရန် လိုအပ်ပြီး ပေ ၅၀ ရေကျော်တစ်စင်း၊ ပေ ၈၀ ရေကျော်တစ်စင်းနှင့် ပေ ၁၅၀ ရေကျော်တစ်စင်း တို့ကိုလည်း ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်သည်။ မြင်းကပါရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စံပြကျေးရွာ (Smart Village) အဖြစ် သတ်မှတ်ပြီး ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်း ခုနစ်ဖာလုံ စတင်ဆောင်ရွက်ပေးနေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ရပ်ကွက်ကြီး ခြောက်ခု၊ အိမ်ခြေ ၁၁၅၁ အိမ်၊ လူဦးရေ ၅၂၆၃ ဦး နေထိုင်လျက်ရှိပြီး သမိုင်းဝင်မနူဟာဘုရား၊ မြစေတီဘုရားတို့အပါအဝင် ဘုရားစေတီ ၁၃ ဆူ၊ ဘုန်းကြီးကျောင်း ၁၄ ကျောင်း၊ အထက်တန်း(ခွဲ) တစ်ကျောင်း၊ ဆေးပေးခန်း တစ်ခန်း၊ ဈေးတစ်ခု၊ ယွန်းပစ္စည်းဆိုင် ၁၇ ဆိုင်တို့ ရှိနေပြီး အာဆီယံနိုင်ငံများအတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးရွာကွန်ရက် ချိတ်ဆက်မှုအတွက်လည်း ရွေးချယ်ထားသော ကျေးရွာဖြစ်ပေသည်။ စံပြကျေးရွာ (Smart Village) စီမံကိန်းနှင့်အတူ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် ယွန်းထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပေရာ အနာဂတ်ကာလ ခရီးသွားလုပ်ငန်းကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

မင်းနန်သူကျေးရွာအဝင်လမ်းသည် ညောင်ဦးမှ ပုဂံမြို့သစ်သို့ ဆက်သွယ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းသစ်မှ ရွာတွင်းသို့ဝင်ရသည့် အရှည် ၂ ဒသမ ၅၈ ဖာလုံခန့် လမ်းဖြစ်သည်။ ရွာတွင်းသို့ ရောက်သွားသောအခါ၌လည်း ညောင်ဦး-ပုဂံမြို့သစ် ကတ္တရာလမ်းဟောင်းနှင့် ဆုံနေသောကြောင့် ၎င်းအဝင်လမ်း ၂ ဒသမ ၅၈ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါရန် ဒေသခံများက တင်ပြလာပါသည်။ မင်းနန်သူကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများ အနေဖြင့်လည်း စုစုပေါင်း ၂ ဒသမ ၅ ဖာလုံခန့် ရှိလေရာ ဂျင်းကျောက်ခင်းနိုင်ရေး တွက်ချက်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

ကုန်းတန်းကြီးကျေးရွာ အဝင်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်ရာ ကျန်လမ်း တစ်မိုင်ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာသို့ သွားသောအဝင်လမ်းကမူ ၁/၄ မိုင် အရှည်ရှိပြီး ယင်းလမ်းပေါ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ ရေကျော်တစ်စင်း စတင်တည်ဆောက်ပေးနေပြီဖြစ်သည်။ ကျန်လမ်းများဖြစ်သည့် အနောက်ဖွားစောကျေးရွာအဝင်လမ်း ၂ ဒသမ ၆၅ ဖာလုံ၊ ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း သုံးဖာလုံ၊ တောင်ဘီကျေးရွာအဝင်လမ်း ၅ ဒသမ ၂ ဖာလုံတို့ကိုလည်း လိုက်လံကြည့်ရှုခဲ့ရာ သတ်မှတ်ကာလအမီ ဂျင်းကျောက်ခင်း၍ ပြုပြင်ဖောက်လုပ်ပေးနိုင်ရေး၊ လိုအပ်သည့်လမ်းအကျယ်ရရှိရေး ညှိနှိုင်းတွက်ချက်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

**ပုဂံလွမ်းချင်း**

ကျွန်တော့်ဘဝမှာ ဘယ်နှကြိမ်ဘယ်နှခါပဲ ရောက်ခဲ့ရောက်ခဲ့၊ ထပ်မံ၍ သွားချင်မိသော မြို့ရွာဒေသများ ရှိနေပါသည်။ မြန်မာပြည်မြောက်ဘက်အစွန်ဆုံးက အိမ်ခြေ ၂၀ ကျော်သာရှိသော ပန်နန်းဒင်မြို့လေးသို့ သုံးကြိမ်၊ ခေါင်လန်ဖူးမြို့သို့ လေးကြိမ်၊ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲက မက်မန်းမြို့လေးသို့ လေးကြိမ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသက ဟိုမိန်းမြို့လေးသို့ လေးကြိမ် ရောက်ခဲ့ဖူးပါပြီ။ သွားခွင့်ကြုံလျှင်လည်း ထပ်၍ သွားပါဦးမည်။ ချင်းပြည်နယ်က ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များသည်လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များသည်လည်းကောင်း၊ ရခိုင်ဒေသ မြို့ရွာများသည်လည်းကောင်း ကျွန်တော့်နှလုံးသားပုံရိပ်ထဲမှာ ထင်ဟပ်နေဆဲ။ ထိုနည်းနှင်နှင်ပင် ကျွန်တော် ထပ်ကာထပ်ကာ ရောက်ဖူးချင်သော နေရာတစ်ခုမှာ ပုဂံ/ညောင်ဦးဒေသဖြစ်သည်။ ပုဂံရှိ ရှေးဟောင်းစေတီဘုရားပုထိုးများ၏ အရိပ်အာဝါသကို မှီခိုနေထိုင်ရင်းခံစားရသည့် အေးငြိမ်းချမ်းသာမှုသည် ဘယ်အရာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် သိမ်မွေ့နူးညံ့လွန်းသည်။ နောက်ထပ်သည့်ထက်ပိုသော အရာတစ်ခုကတော့ သွားလေသူဇနီးသည်နှင့်အတူ ကုသိုလ်ပြုခဲ့ဖူးသည့် ဘုရားပုထိုးစေတီများစွာရှိနေသော၊ အမှတ်တရများစွာရှိနေသော အရပ်ဒေသတစ်ခုဖြစ်နေ၍ပါတည်း။ ကျွန်တော်ချစ်သော ပုဂံ၊ ကျွန်တော်လွမ်းမိသော ပုဂံ၊ သည်နေရာ သည်လိုအရပ်ဒေသတွေမှာ လမ်းများပြုပြင်ဖောက်လုပ်ပေးရင်း ကုသိုလ်ပြုခွင့် ထပ်မံရရှိခြင်းအတွက် ဝမ်းမြောက်မိပါသည်။ ။

❂ ❂ ❂

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ပဏာမလက်ရွေးစင်လူရွေးချယ်ရေးပြိုင်ပွဲကျင်းပ





**နေပြည်တော်  ဇွန်  ၂၇**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ပဏာမလက်ရွေးစင် လူရွေးချယ်ရေးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကာအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား၊ အမျိုးသမီး) ဝိတ်တန်းများအလိုက် အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အလေးမအားကစားသမား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း အားကစားသမား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံကြသည်။

အမျိုးသား (+၈၉) ကီလိုတန်းပြိုင်ပွဲတွင် ဝင်းနိုင်ထွန်းက နှစ်ဆင့်မ စံချိန် ၁၇၆ ကီလိုဖြင့် မြန်မာပြည် စံချိန် ၁၇၅ ကို ကျော်လွန်၍ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျောက်ဆည်  ဇွန်  ၂၇**

ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ညွှန်ကြားရေးမှူး (စီမံဘဏ္ဍာ) ဒေါ်ဥမ္မာက အအေးပေးပစ္စည်းများတွင် အိုဇုန်းလွှာကို ပျက်စီးစေသည့် ဒြပ်ပစ္စည်းများနှင့် ကမ္ဘာကြီး ပူနွေးလာမှုကို မြင့်မားစေသည့် ဒြပ်ပစ္စည်းများ ပါဝင်သည့်အတွက် ကမ္ဘာ့နိုင်ငံများတွင် အအေးပေးဒြပ်ပစ္စည်းများ အသုံးပြုမှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း၊ မြန်မာနိုင်ငံသည်လည်း စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်များတွင် အထိမ်းအမှတ်လှုပ်ရှားမှုပွဲများ ကျင်းပလျက်ရှိကြောင်း ပြောကြားသည်။ ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလမင်းသန်းက ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

✳ *ကျောဖုံးမှ*

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနက သင့်တင့်မျှတသော ရည်ညွှန်းဈေးများဖြစ်သည့် ရွှေဘိုပေါ်ဆန်း တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ မှ ၃၈၀၀ အတွင်း၊ ရောဝတီပေါ်ဆန်းတစ်ကီလိုလျှင် ငွေကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း၊ ရက် ၉၀/ အထူးညှော့မထများဖြစ်ပါက တစ်ကီလိုလျှင် ငွေကျပ် ၂၂၀၀ မှ ၂၅၀၀ အတွင်း ရည်ညွှန်းဈေး များကို ဇွန် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ထံမှ သိရသည်။ **သတင်းစဉ်**




✳ *ကျောဖုံးမှ*

နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိသည့် သုံးသင်းအနက် ကမ္ဘောဒီးယားအသင်းက ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် အခွင့်အရေး အကောင်းဆုံးဖြစ်နေပြီး ဂိုးများများ သွင်းယူနိုင်ရန်ပါ လိုအပ်နေသည်။ မြန်မာနှင့် ဗီယက်နမ်ပွဲ အနိုင်ရသည့် အသင်းမှာ ကမ္ဘောဒီးယားအသင်း ခြေချော်မှသာအုပ်စု ပထမနေရာအတွက် မျှော်လင့်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံး သုံးခုနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်စု ဒုတိယနေရာရယူနိုင်လျှင်ပင် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် မသေချာသေးဘဲ အခြားအုပ်စုနှစ်ခုမှ ဒုတိယနေရာရအသင်းများ၏ ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲတွင် ကမ္ဘောဒီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယပွဲတွင် ဘရူနိုင်းအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ဗီယက်နမ်အသင်းမှာမူ ဘရူနိုင်းကို ၁၅ ဂိုးပြတ် အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် တစ်ဂိုးစီ သရေကျထားသည်။

**ရဲရင့်လွင်**

# နာမည်ကြီး ပေါ်တူဂီကို ဂိုးပြတ်အနိုင်ယူပြီး ယူရိုပြိုင်ပွဲ နောက်တစ်ဆင့် ဂျော်ဂျီယာအသင်း တက်လှမ်း

ယူရို ၂၀၂၄ ပြိုင်ပွဲ အုပ်စု (စ) မှ နောက်ဆုံးပွဲစဉ်အဖြစ် ဂျော်ဂျီယာနှင့် ပေါ်တူဂီအသင်းပွဲစဉ်ကို ဇွန် ၂၇ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျော်ဂျီယာအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဂျော်ဂျီယာအသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ် လေးမှတ်နှင့်အတူ အကောင်းဆုံးအုပ်စုတတိယဖြင့် နောက်တစ်ဆင့်သို့ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက ရမှတ်ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်ပြီးဖြစ်သော်လည်း စီရော်နယ်ဒို၊ ကွန်စီကာအို၊ ဖီးလစ် စသည့် အဓိက ကစားသမားအစုံအလင်ဖြင့် ဂျော်ဂျီယာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဂျော်ဂျီယာအသင်းသည် ရရှိလာသည့်အခွင့်အရေးကို အမိအရအသုံးချကာ နာမည်ကြီး ပေါ်တူဂီအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၂ မိနစ်တွင် ဂျော်ဂျီယာအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ခါဗီချာက သွင်းယူပေးခဲ့သည်။

နာမည်ကြီး ပေါ်တူဂီအသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၅၇ မိနစ်တွင် ဂျော်ဂျီယာအသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ပြီး မီကာတာဒီက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ပေါ်တူဂီအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက်တွင် ပေါ်တူဂီအသင်းသည် ချေပဂိုးများရရှိရေး လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်လာသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဂျော်ဂျီယာအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု (စ) မှ အခြားသော ပွဲစဉ်အဖြစ် ချက်ဖ်နှင့် တူကီယဲအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တူကီယဲအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**



⚙ *ကျောဖုံးမှ*

တစ်နှစ်ကျော်ကြာမှ ပွဲထိုးသတ်ခွင့်ရခြင်းဖြစ်ပြီး အာဒိုဂန်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း ဇွန် ၂၆ ရက်က တရားဝင် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ပြီးကတည်းက ပွဲမရတော့ခြင်းဖြစ်ပြီး ၁၆ လကျော်ကြာမှသာ ပွဲထိုးသတ်ခွင့်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ONE Championship ၏ လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပြီး ချန်ပီယံခါးပတ်နှစ်ခု လက်လွှတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ငါးပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရထားသော်လည်း ယခုပွဲကို မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်သည် နောက်ဆုံးပွဲကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ထားပြီး နှစ်ဦးစလုံး အနိုင်ရရှိထားသည်။

အောင်လအန်ဆန်သည် ယခုပွဲတွင် ထပ်မံအနိုင်ရရှိပါက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် စိန်ခေါ်နိုင်ရန် အခွင့်အရေးရလာဖွယ်ရှိနေသည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော်  ဇွန်  ၂၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ **မိုး/ဇလ**

# ဂါဇာမှ ကလေးငယ် ၂၁ ဦး ကင်ဆာရောဂါကုသမှုခံယူရန် ထွက်ခွာ

**ဂါဇာ ဇွန် ၂၇**

ကင်ဆာရောဂါခံစားနေရသည့် ဂါဇာဒေသမှ ကလေးငယ် ၂၁ ဦးသည် ရောဂါကုသမှုခံယူရန် ဇွန် ၂၇ ရက်က ကီရမ်ရှာလွမ် ဖြတ်သန်းရေးဂိတ်မှ တစ်ဆင့် နိုင်ငံရပ်ခြားသို့ထွက်ခွာခဲ့သည်ဟု ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ မေလ အစောပိုင်း ရာဖာနယ်စပ် ပိတ်ထားပြီးနောက်မှ စတင်၍ ပထမဆုံးအကြိမ်အဖြစ် ဆေးကုသရန် ထွက်ခွာခြင်းဖြစ်သည်ဟု သိရသည်။

ကလေး ၂၁ ဦးအနက်အများစုမှာ သွေးကင်ဆာ ခံစားနေရသူများဖြစ်ပြီး ကုသ၍ရနိုင်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြတ်လပ်နေသည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။ ထို့ကြောင့် အဆိုပါကလေးငယ်များကို ခရီးသွားလာခွင့်ပြုရန် ထောက်ခံပေးရခြင်းဖြစ်သည်ဟု ဂါဇာကမ်းမြောင်ဒေသ ဆေးရုံများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်ဇာကွတ်က ပြောသည်။ အမေရိကန်ရှိ ကလေးငယ်များ သက်သာချောင်ချိရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့ပူးပေါင်းကာ ကလေးငယ်များ ခရီးသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည်ဟု ၎င်းက ဆက်ပြောကြားသည်။

နိုင်ငံရပ်ခြားတွင် သွားရောက်ဆေးကုသမှုခံယူရန်လိုအပ်သူပေါင်း ၂၅၀၀၀ ကျော်ရှိသည်ဟု ဂါဇာကျန်းမာရေးအာဏာပိုင်များက မှတ်တမ်းတင်ထားပြီး ၎င်းတို့ထဲမှ ၁၀၂၀၀ မှာ ကင်ဆာရောဂါခံစားနေရသူများဖြစ်သည်။ အသက်အန္တရာယ်စိုးရိမ်ရပြီး ပြည်ပထွက်ခွာကုသမှုခံယူရန် ချက်ချင်းလိုအပ်သူ ၂၅၀ ရှိသည်ဟု မိုဟာမက်ဇာကွတ်က ပြောသည်။ ရာဖာဖြတ်သန်းရေးဂိတ် ပြန်လည်ဖွင့်ပေးရန်နှင့် ဂါဇာမှ လူနာများ ပြည်ပထွက်ခွာခွင့်ရရန် အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးရေးကိုလည်း ၎င်းက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**



ဩဂတ်စ်တာဗစ်တိုးရီးယား ဆေးရုံတွင် ဦးနှောက်အကျိတ် ကုသမှုခံယူနေသည့် ဂါဇာမြောက်ပိုင်းမှ ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

# တစ်ကမ္ဘာလုံးအနှံ့ အွန်လိုင်းလိမ်လည်မှုများကို နှိမ်နင်းရာမှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော် ဖမ်းဆီးရရှိ




**တိုကျို ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့(အင်တာပိုလ်) က အွန်လိုင်းလိမ်လည်မှုများကို နှိမ်နင်းမှုပြုလုပ်ခဲ့ရာ နိုင်ငံပေါင်း ၆၁ နိုင်ငံမှ လူပေါင်း ၄၀၀၀ နီးပါးကို ဖမ်းဆီးနိုင်ခဲ့သည်ဟုသိရသည်။ ယင်းသို့ နှိမ်နင်းခြင်းဖြင့် အမေရိကန်ဒေါ်လာ စုစုပေါင်း သန်း ၂၅၀ ကျော် ဖမ်းဆီးရရှိခဲ့သည်ဟုလည်း အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့က ပြောသည်။ လွန်ခဲ့သည့်နှစ်မှစတင်၍ ယခုနှစ်မေလအထိ ဂျပန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများနှင့်ပူးပေါင်းကာ အွန်လိုင်းလိမ်လည်မှုများကို တစ်ကမ္ဘာလုံးဆိုင်ရာ စစ်ဆင်ရေး ပြုလုပ်ခဲ့ကြောင်း အင်တာပိုလ်က ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်တာပိုလ်၏ ထုတ်ပြန်ချက်အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုများ၊ အွန်လိုင်းဈေးဝယ်ဆိုဒ်အတုများနှင့် အခြားသော လိမ်လည်မှုများနှင့် ဆက်စပ်၍ တစ်ကမ္ဘာလုံးအနှံ့ သံသယရှိသူ ၃၉၅၀ ဖမ်းဆီးခဲ့သည်ဟု သိရသည်။ ငွေသား၊ အိမ်ခြံမြေနှင့် အခြားသောပိုင်ဆိုင်မှု စုစုပေါင်း ဒေါ်လာ ၂၅၇ သန်းကို အာဏာပိုင်များက သိမ်းဆည်းရရှိခဲ့သည်။

၂၀၁၄ ခုနှစ် အွန်လိုင်းလိမ်လည်မှုများကို စတင်နှိမ်နင်းခဲ့သည့်အချိန်မှစတင်ကာ ယခုအချိန် ဖမ်းဆီးရမိသည့်ပမာဏမှာ အများဆုံး ဖြစ်သည်ဟုလည်း အင်တာပိုလ်ကပြောသည်။ အေအိုင်နည်းပညာများ တိုးတက်လာခြင်းကြောင့် နိုင်ငံရပ်ခြားတွင် လိမ်လည်မှုများပြုလုပ်ရန် ပို၍လွယ်ကူလာကြောင်း အင်တာပိုလ်၏ ဘဏ္ဍာရေးဆိုင်ရာ ရာဇဝတ်မှုများကို ကြီးကြပ်သူဖြစ်သည့် ကာယာတိုမိုနိုယူက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရတ်ဆဲလ်မြို့၌ ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ဘရတ်ဆဲလ် ဇွန် ၂၇**

ဘယ်လ်ဂျီယံနိုင်ငံ ဘရတ်ဆဲလ်မြို့ စိန့်ဂျီးလက်စ်ရှိ မီဒီ ရထားဘူတာရုံအနီး၌ ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ဘယ်လ်ဂျီယံမီဒီယာတွင် ဇွန် ၂၇ ရက်က ဖော်ပြထားသည်။

ကော်ဖီဆိုင်အနီး နံနက် ၁ နာရီမှ ၂ နာရီကြားတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူသုံးဦးအနက် တစ်ဦးမှာ အသေးစားဒဏ်ရာများသာရရှိပြီး ကျန်နှစ်ဦးမှာမူ ဒဏ်ရာပြင်းထန်သည်ဟု သိရသည်။ ပစ်ခတ်မှုကျူးလွန်သူများကို လက်ရှိတွင် ဖမ်းမိထားခြင်းမရှိသေးချေ။

ရဲတပ်ဖွဲ့သည် သေနတ်သမားများကို စုံစမ်းဖော်ထုတ်နိုင်ရေး စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိသည်။ ပစ်ခတ်မှုကျူးလွန်သူများ၏ ရည်ရွယ်ချက်ကို မသိရသေးချေ။ ပြစ်မှုကျူးလွန်သူဟု သံသယရှိသူများကို ယခုအချိန်ထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးချေ။

**ဆင်ဟွာ**



# မသန်စွမ်းကလေးများအတွက် ပိုမိုကောင်းမွန်သော သင်ကြားရေးရလဒ်များရရှိစေရန် လာအိုဆွေးနွေး

**ဗီယင်ကျန်း ဇွန် ၂၇**

လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာနက မသန်စွမ်းကလေးများ ပိုမိုကောင်းမွန်သော သင်ကြားရေးရလဒ်များ ရရှိစေရန်အတွက် သင်ကြားရေးနည်းလမ်းများ အဆင့်မြှင့်တင်ရန် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဇွန် ၂၇ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြလိုက်သည်။ ဆွေးနွေးပွဲသည် မသန်စွမ်းကလေးများအတွက် ပညာရေးသင်ယူနိုင်မှု ကွာဟချက်လျော့နည်းစေရန် အမျိုးသားပညာရေးမူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစီအစဉ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲပြီးဆုံးပါက သင်တန်းသားများသည် ဘက်စုံစွမ်းရည်ပြည့်ဝသော ပညာရေးပတ်ဝန်းကျင်ဖွံ့ဖြိုးအောင် အကောင်းဆုံးလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ယခုဆွေးနွေးပွဲသည် မသန်စွမ်းကလေးများအတွက် ပညာရေးရလဒ်ကောင်းများကို တိုးတက်စေမည်ဖြစ်သည်။

**ဆင်ဟွာ**

# တိုယိုတာ၏ မေလအတွက် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှုကျဆင်း

**တိုကျို ဇွန် ၂၇**

တိုယိုတာကားကုမ္ပဏီ၏ မေလအတွက် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှုသည် ယမန်နှစ်ထက် ၄ ဒသမ ၁ ရာခိုင်နှုန်း၊ အစီးရေအားဖြင့် ၈၁၂၁၉၁ စီးအထိ ကျဆင်းခဲ့ကြောင်း၊ ယင်းကဲ့သို့ ကားထုတ်လုပ်မှုကျဆင်းမှုသည် လေးလဆက်တိုက် ကျဆင်းခြင်းဖြစ်ကြောင်း တိုယိုတာ ကားကုမ္ပဏီက ပြောကြားသည်။



ဂျပန် ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တိုယိုတာ၏ ဂျပန်နိုင်ငံ ပြင်ပကားထုတ်လုပ်မှုသည် အစီးရေ ၅၅၆၈၇၇ အထိ၊ ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ချိန်တွင် တရုတ်နိုင်ငံတွင်လည်း ၂၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ကမ္ဘာ့ ကားဈေးကွက်တွင် တိုယိုတာ ကားကုမ္ပဏီအနေဖြင့် ထိုသို့ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းမှာ ပြည်တွင်း၌ အခြားကားကုမ္ပဏီများ၏ အပြိုင်အဆိုင်ကား ထုတ်လုပ်မှုကြောင့်လည်းဖြစ်ကြောင်း တိုယိုတာကုမ္ပဏီက ပြောသည်။

ဥရောပတွင်လည်း ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းမှုနှင့် အတူ မြောက်အမေရိကတွင်လည်း ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တိုယိုတာက ပြောသည်။

တိုယိုတာက ထုတ်လုပ်ခဲ့သော ပရူးစ် ဖက်စပ်ကားများ ဈေးကွက်အတွင်း ပြန်လည်သိမ်းဆည်းခဲ့ရသော်လည်း ဂျပန်နိုင်ငံအတွင်း ကားထုတ်လုပ်မှုသည် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ အစီးရေ ၂၅၅၃၁၄ စီးအထိ တိုးခဲ့သေးသည်ဟု တိုယိုတာက ပြောသည်။

**ဆင်ဟွာ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၃၃၁.၅၁) စတုရန်းမီတာ၊ LDPE Seeds ကော်စေ့ (၁၆၂၅)ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၇၆၈၆၈) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၁၇၈၆ ဒသမ ၀၈) စတုရန်းမီတာနှင့် Sakura Electric Sprayar ပိုးသတ်ဆေးဖျန်းဘူး ၃၃၁၇ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၈၀၄၉၂) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၅၇၃၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။












ထို့အတူ ဇွန် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Monosodium Glutamate ၁၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၀ ဒသမ ၃၇၆) တန်၊ အခြားသစ် (၀ ဒသမ ၆၅၂) တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သံပိုက်လုံးဆိုဒ်စုံ ၃၉၆၇ လုံးနှင့် သံပိုက်ချောင်း ၃၀၅ ချောင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၈၄၀၀၀၀) နှင့် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်နှင့် မကွေးခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၃၃၇) တန်နှင့် သုံးဘီးဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၉၉၄၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၄၉၀၈၇၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲ ဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူများ ဖြစ်ကြသည့် “zain gyi @ user 9835775421018” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ သန့်ဇင်နှင့် “Aye Thidar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အေးသီတာမြင့်တို့အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Nawarat Yekyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဗထူးရပ်ကွက်နေ ခင်မေအေးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟဲဟိုးမြို့၌ စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ် အလှူငွေ တစ်သောင်းမှ သုံးသောင်းအထိ တောင်းခံဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့၌ ဇွန် ၂၅ ရက်က အစည်းအဝေးခေါ်ယူကာ စစ်မှုထမ်းမည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ်၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းမှ သုံးသောင်းကျပ်အထိ ပေးရမည်ဟု ခြိမ်းခြောက်တောင်းယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများတွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ ကလောမြို့နယ်၊ ဟဲဟိုးမြို့ရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလ သတင်းအမှားများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် သိရှိနားလည်မှု မလွဲမှားစေရေးအတွက် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပညာပေး ချပြရှင်းလင်းခြင်းလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှု အပေါ် မဟုတ်မမှန်လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# အင်းတော်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီး

**အင်းတော် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အင်းတော်မြို့ အင်းမြသာယာ အားကစားကွင်းအတွင်း ပြုလုပ်သည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သဝဏ်လွှာ ကို အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က ဖတ်ကြားသည်။ ထို့နောက် မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မီးရှို့ဖျက်ဆီးကြသည်။

အခမ်းအနားတွင် အင်းတော်မြို့နယ်အတွင်း ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြား ၆၀၅၄၃ ပြား၊ ဘိန်းဖြူမှုန့် ၀ ဒသမ ၉၄၆၃ ကီလိုကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တိုင်းရင်းသားလက်နက်ကိုင်များနှင့် လျော့နည်းပျောက်ကွယ်သင့်ပြီဖြစ်သော ဘိန်းစိုက်ပျိုးမှု

ကိုကိုချွန် (မော်လမြိုင်)


နှစ်ပေါင်းများစွာတိုင်အောင် မြန်မာနိုင်ငံ၏ အဓိကမူးယစ်ဆေးဝါးပြဿနာမှာ ဘိန်းစိုက်ပျိုးမှု ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း တရားမဝင်ဘိန်းစိုက်ပျိုးရာဒေသများကို ၂၀၂၃ ခုနှစ် စစ်တမ်းများအရ လေ့လာကြည့်လျှင် ရှမ်းပြည်နယ်သည် ဘိန်းစိုက်ပျိုးမှုအများဆုံးနေရာဖြစ်ပြီး တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု၏ ၈၈ ရာခိုင်နှုန်း (ဟက်တာ ၄၁၃၀၀) ရှိပါသည်။ ကချင်ပြည်နယ်သည် ဒုတိယဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ဟက်တာ ၄၆၀၀ ရှိပါသည်။ ထို့ပြင် ချင်းပြည်နယ်တွင် ဟက်တာ ၇၀၀ နှင့် ကယားပြည်နယ်တွင် ဟက်တာ ၄၈၀ စိုက်ပျိုးပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဟက်တာ ၅၀ စိုက်ပျိုးခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ဟက်တာ ၂၅၀ အထိ စိုက်ပျိုးလာပါသည်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ပြည်သူများ ကြုံတွေ့ခံစားနေရသော မူးယစ်ဆေးဝါးပြဿနာအား အမှန်အတိုင်း ရှုမြင်သုံးသပ်ပြီး ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုတိုက်ဖျက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ထိုစီမံကိန်းများ ချမှတ်အကောင်ထည်ဖော်ရာတွင် အစိုးရ၊ ဒေသခံပြည်သူများနှင့် ဘိန်းစိုက်တောင်သူများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုသည်သာ အဓိကမောင်းနှင်အား ဖြစ်ခဲ့ပါသည်။ ဘိန်းဖြူချက်လုပ်မှုကို ဘိန်းစိုက်ပျိုးရာဒေသများတွင်သာ တိုင်းရင်းသားလက်နက်ကိုင်များ အဓိကထား ဆောင်ရွက်ခဲ့ပြီး အခြားဒေသများတွင် ဘိန်းဖြူချက်လုပ်မှုမှာ မရှိသလောက် ဖြစ်ခဲ့ပါသည်။

**လက်နက်ကိုင်များ ကြီးစိုးရာနယ်မြေများ**

ဘိန်းစိုက်ပျိုးရာဒေသနှင့် ဘိန်းဖြူချက်လုပ်ရာနေရာများသည် တောင်ပေါ်ဒေသ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာဒေသများဖြစ်ပြီး ပြည်တွင်းသောင်းကျန်းမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာ နယ်မြေများဖြစ်ပါသည်။ အစိုးရမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကန့်သတ်ချက်ကြီးမားခြင်းနှင့် အခြေခံအဆောက်အအုံနည်းပါးခြင်းကလည်း ဒေသခံတိုင်းရင်းသားတို့၏ ဘဝရပ်တည်နိုင်ရေးအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေခဲ့ပါသည်။ အစိုးရ၏ အုပ်ချုပ်ရေးယန္တရား လျော့နည်းမှုနှင့် လက်လှမ်းမမီနိုင်မှုများက တိုင်းရင်းသားလက်နက်ကိုင်များအတွက် အခွင့်ကောင်းတစ်ခုဖြစ်နေပြီး ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူချက်လုပ်မှုကို အဆိုပါဒေသများတွင် ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံပြည်သူအချို့သည် မိသားစုဝင်ငွေရရှိရေး ဘိန်းစိုက်ပျိုးမှုကို အဓိကထားနေရသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်များ၏ တွန်းအားပေးမှု၊ လက်နက်ကိုင်စွဲကာ အတင်းအကျပ် တိုက်တွန်းစေခိုင်းမှုများက ဒေသတွင်း ဘိန်းစိုက်ပျိုးမှုကို မြင့်တက်စေလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုလျော့ကျစေရေး ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေသော်လည်း နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာလျော့နည်းသွားချိန်တွင် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုသည် ပြန်လည်တိုးတက်လာမြဲဖြစ်ကြောင်း နိုင်ငံ၏ သမိုင်းဖြစ်စဉ်




❖ **နယ်မြေဒေသအေးချမ်းတည်ငြိမ်မှုရှိလျှင် ဘိန်းစိုက်ပျိုးမှုများ သိသိသာသာ လျော့နည်းကျဆင်းပြီး ပဋိပက္ခများဖြစ်ပွားလာပါက ဘိန်းစိုက်ပျိုးမှု တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးမှုကို ဥပဒေအရ တားမြစ်ထားသော်လည်း ဒေသခံပြည်သူများ၊ ဘိန်းစိုက်တောင်သူများ ဘဝရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပေးနိုင်ပါမှသာ ဘိန်းစိုက်ပျိုးမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်သဖြင့် ဖမ်းဆီးအရေးယူမှုမရှိဘဲ ဒေသဖွံ့ဖြိုးရေးကိုသာ အဓိကထား ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အရှိတရားကို အသိတရားဖြင့် ဆောင်ရွက်နေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အချို့မှာ ဘိန်းစိုက်ပျိုးမှုကိုသာ တွန်းအားပေးဆောင်ရွက်နေလျက်ရှိ**

များက သက်သေခံလျက်ရှိပါသည်။ အထက်ဖော်ပြပါ အချက်များကိုကြည့်လျှင် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူချက်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိရာ နယ်မြေများ၌သာ အဓိကဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုကို အခွင့်ကောင်းယူ**


မြန်မာနိုင်ငံအတွင်း နှစ်အလိုက် ဘိန်းစိုက်ပျိုးခဲ့မှုကို ပြန်လည်လေ့လာကြည့်ပါက ၁၉၉၆ ခုနှစ်တွင် ဟက်တာ ၁၆၃၀၀၀ ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ အထိသို့ သိသိသာသာ ကျဆင်းသွားခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ အထိ ဖြစ်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ကာ မူးယစ်ဆေးဝါးပြဿနာကို ကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းဆွေးနွေးခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ဟက်တာ ၂၉၅၀၀ သို့ သိသိသာသာ ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော်လည်း နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုကို အခွင့်ကောင်းယူ၍ ဒေသခံပြည်သူများအား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ဘိန်းစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်ရန် စေခိုင်းခဲ့မှုကြောင့် ၂၀၂၁ ခုနှစ်တွင် ဟက်တာ ၃၀၂၀၀၊ ၂၀၂၂ ခုနှစ်တွင် ဟက်တာ ၄၀၁၀၀ မှ ၂၀၂၃ ခုနှစ်တွင် ဟက်တာ ၄၇၁၀၀ အထိသို့ အသီးသီးပြန်လည်မြင့်တက်လာခဲ့ပါသည်။


အဆိုပါ အခြေအနေများကို လေ့လာကြည့်ပါက နယ်မြေဒေသအေးချမ်းတည်ငြိမ်မှုရှိလျှင် ဘိန်းစိုက်ပျိုးမှုများ သိသိသာသာ လျော့နည်းကျဆင်းပြီး ပဋိပက္ခများဖြစ်ပွားလာပါက ဘိန်းစိုက်ပျိုးမှု တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးမှုကို ဥပဒေအရ တားမြစ်ထားသော်လည်း ဒေသခံပြည်သူများ၊ ဘိန်းစိုက်တောင်သူများ ဘဝရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပေးနိုင်ပါမှသာ ဘိန်းစိုက်ပျိုးမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်သဖြင့် ဖမ်းဆီးအရေးယူမှုမရှိဘဲ ဒေသဖွံ့ဖြိုးရေးကိုသာ အဓိကထား ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အရှိတရားကို အသိတရားဖြင့် ဆောင်ရွက်နေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အချို့မှာ ဘိန်းစိုက်ပျိုးမှုကိုသာ တွန်းအားပေး ဆောင်ရွက်နေလျက်ရှိပါသည်။

**ဘိန်းစိုက်ပျိုးမှုကို ဆက်လက်ဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိ**

ဘိန်းစိုက်ပျိုးရာဒေသများရှိ ပြည်သူများအနေဖြင့် တရားဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အရေးနှင့် အခွင့်အလမ်းနည်းပါးခြင်း၊ ထွက်ကုန်များကို ဈေးကွက်အတွင်း တင်ပို့နိုင်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ မပြည့်စုံခြင်း၊ မီး၊ ရေရရှိမှုနှင့် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းနည်းပါးခြင်းတို့က ဘိန်းစိုက်ပျိုးမှုကို ဆက်လက်ဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိပါသည်။ ဘိန်းစိုက်တောင်သူများမှာ မိမိတို့ဘဝရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးခြင်းကို ပြုလုပ်ရသည်ဖြစ်ရာ အစားအသောက်၊ လူသုံးကုန်နှင့် အဝတ်အထည်များဝယ်ယူရန်၊ ဆေးကုသရန်နှင့် ဘိန်းစိုက်ပျိုးရန် တိုင်းရင်းသားလက်နက်ကိုင်များထံမှ ရယူထားသောအကြွေးများ ပြန်လည်ပေးဆပ်ရန်တို့အတွက် အခြားကုန်စည်များကဲ့သို့ သိုလှောင်ထားခြင်းမပြုနိုင်ဘဲ ဘိန်းထွက်ရှိလာသည်နှင့် လက်နက်ကိုင်များ၊ ၎င်းတို့၏ ကုန်သည်ပွဲစားများထံသို့ ချက်ချင်းရောင်းချကြရပါသည်။

*စာမျက်နှာ ၁၇ သို့*



# နေပြည်တော်အတွင်းရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေး



**ပျဉ်းမနား ဇွန် ၂၇**
စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပျဉ်းမနားမြို့ အနေဖြင့် နေပြည်တော်အတွင်းရှိ ဖွင့်လှစ်ရောင်းချလျက်ရှိသော လိုင်စင်ရစက်သုံးဆီအရောင်းဆိုင် ၁၀၀ ကျော်အား အရည်အသွေး၊ အခြင်အတွယ် ပြည့်ဝမှန်ကန်မှု ရှိ/မရှိနှင့် သတ်မှတ်ရည်ညွှန်း ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ/မရှိတို့အား ဌာနပိုင် Mobile Fuel Lab ယာဉ်ဖြင့် လစဉ် ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလမှ မေလအထိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင် ၉၄ ဆိုင်အားလည်းကောင်း၊ ဇွန် ၁ ရက်မှ ၂၃ ရက်အတွင်း စက်သုံးဆီ အရောင်းဆိုင် ၁၅ ဆိုင်အားလည်းကောင်း အရောင်းဆိုင်စုစုပေါင်း ၁၀၉ ဆိုင်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ အရောင်းဆိုင်များမှာ အရည်အသွေး၊ အခြင်အတွယ် ပြည့်ဝမှန်ကန်မှုရှိကြောင်းနှင့် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ပြည်သူများ စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေး၊ အခြင်အတွယ်နှင့် သတ်မှတ်ရည်ညွှန်း ဈေးနှုန်းအတိုင်း ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိစက်သုံးဆီအရောင်းဆိုင် ၁၈ ဆိုင်ခန့်အား လစဉ်ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် အရည်အသွေး၊ အခြင်အတွယ် ပြည့်ဝမှန်ကန်မှုမရှိသော အရောင်းဆိုင်နှင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ကျော်လွန်ရောင်းချနေသော အရောင်းဆိုင်များ တွေ့ရှိပါက နေပြည်တော် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး အရာရှိရုံး ပျဉ်းမနားမြို့ ဖုန်း ၀၆၇-၈၀၂၂၀၃၆ နှင့် တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိ၀၉-၅၂၄၀၃၆၃ သို့ သတင်းပို့ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**မျိုးသီဟ(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အဆိုပါအချက်များပေါ်မူတည်ပြီး ဒေသခံများအပေါ် အမြတ်ထုတ်ခြင်း၊ အတင်းအကျပ်စေခိုင်းခြင်း၊ အကြွေးမဆပ်နိုင်သူများအား ဘိန်းထပ်မံစိုက်ပျိုးခိုင်းခြင်းများကလည်း ဘိန်းစိုက်တောင်သူများအတွက် အဆိုးသံသရာလည်နေလျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့သည် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများနှင့် ချိတ်ဆက်ပြီး ဘိန်းဈေးကွက်အား ထိန်းချုပ်ခြင်း၊ ဘိန်းဖြူချက်လုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းတို့ ဆောင်ရွက်လာရာမှ ဘိန်းစိုက်ပျိုးမှုကို တိုးမြှင့်ဖြစ်ပေါ်စေလျက်ရှိပါသည်။

**အချို့ဒေသများတွင်**
**အမြောက်အမြား စိုက်ပျိုးလာ**

ဘိန်းစိုက်တောင်သူများမှာ ဆင်းရဲသူများဖြစ်ပြီး မိမိတို့ဘဝ ရှင်သန်ရပ်တည်ရေးနှင့် ဝင်ငွေရရှိရေးအတွက် အနည်းငယ်စိုက်ပျိုးလာရာမှ အချို့ဒေသများတွင် အမြောက်အမြား စိုက်ပျိုးလာသည်ကို တွေ့ရှိရပါသည်။ ဘိန်းစိုက်ပျိုးရာတွင် အများစုမှာ သမားရိုးကျစိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ပါဝင်လာသဖြင့် ၂၀၂၃ ခုနှစ်တွင် ရေသွင်းစိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာများ အသုံးပြုခြင်းနှင့် အခြားသွင်းအားစုများ ထည့်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်လာကြပါသည်။ ယခင်က ဘိန်းအထွက်နှုန်း တစ်ဟက်တာ အမြင့်ဆုံး ၁၉ ဒသမ ၈ ကီလိုရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၂၂ ဒသမ ၉ ကီလိုအထိ ထွက်ရှိလာခဲ့သဖြင့် ဘိန်းထွက်ရှိမှုမှာလည်း အနိမ့်ဆုံး ၃၁၀ မက်ထရစ်တန်မှ ၂၀၂၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် ၁၀၈၀ မက်ထရစ်တန်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။


အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တို့ ပရမ်းပတာ ဆုတ်ခွာသွားပြီးနောက် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် တာလီဘန်တို့ အာဏာ ပြန်လည်ရယူခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် လက်ရှိတာလီဘန်အစိုးရသည် နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုအပေါ် ပြင်းထန်သော တားမြစ်မိန့် ထုတ်ပြန်ခဲ့ပါသည်။ ထိုအမိန့်တွင် နိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းလုပ်ငန်းများကိုပါ မဆောင်ရွက်ရန် တားမြစ်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဘိန်းဖြူချက်လုပ်ရာ၌ အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများ တင်သွင်းမှုအားလုံးကိုလည်း တားမြစ်ခဲ့ပါသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုကို ကြည့်လျှင် ၂၀၁၇ ခုနှစ်တွင် ဟက်တာ ၃၂၈၀၀၀ ရှိခဲ့ရာမှ တာလီဘန်အစိုးရ အာဏာရယူသည့် ၂၀၂၁ ခုနှစ်တွင် ဟက်တာ ၁၇၇၀၀၀ အထိ ကျဆင်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၂၃၃၀၀၀ ရှိခဲ့ရာမှ တားမြစ်မိန့်ထုတ်ပြန်ခဲ့ပြီးသည့် ၂၀၂၃ ခုနှစ်တွင် ဟက်တာ ၁၀၈၀၀ ခန့်သာ စိုက်ပျိုးခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှု ၉၅ ရာခိုင်နှုန်း လျော့ကျသွားကြောင်း တွေ့ရပါသည်။ ဘိန်းထွက်ရှိမှုမှာလည်း ၂၀၂၂ ခုနှစ်တွင် တန် ၆၂၀၀ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၃၃၃ တန်သာ ထွက်ရှိသဖြင့် ၉၅ ရာခိုင်နှုန်း လျော့ကျသွားကြောင်း တွေ့ရပါသည်။

တာလီဘန်တို့က ဘိန်းစိုက်ပျိုးမှုကို ပြင်းထန်စွာ တားမြစ်ခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထွက်ရှိမှု ၉၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း တရားမဝင် ဘိန်းစိုက်ပျိုးမှုမှာ အနည်းငယ်သာ မြင့်တက်ခဲ့သော်လည်း ထိုအခြေအနေများက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမဝင်ဘိန်းစိုက်ပျိုးမှု အများဆုံး နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့ရပါသည်။ အစိုးရမှ ခေတ်အဆက်ဆက် ဘိန်းစိုက်ပျိုးရာဒေသများတွင် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခြင်း၊ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများ (Alternative Development Programme) ချမှတ်ဆောင်ရွက်ပေးခြင်းတို့ကြောင့် အဆိုပါဒေသများတွင် ဘိန်းစိုက်ပျိုးမှုများ သိသိသာသာလျော့ကျကာ ဒေသဖွံ့ဖြိုးတိုးတက်လာသည့် သမိုင်းသက်သေများလည်း ရှိခဲ့ပါသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု၊ ဘိန်းထုတ်လုပ်မှုနှင့် ဘိန်းဖြူချက်လုပ်မှု ၉၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခြင်းက ဒေသတွင်း ဈေးကွက်လိုအပ်ချက်ကြောင့် ဈေးနှုန်းမြင့်တက်မှုကို ဖြစ်စေလျက်ရှိပါသည်။ ထိုအခြေအနေများပေါ် အခွင့်ကောင်းယူပြီး တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုကို တိုးမြှင့်လုပ်ဆောင်ရန် ကြိုးပမ်းနေလျက်ရှိပါသည်။ နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုလျော့ကျရေးတွင် အစိုးရ၊ ဒေသခံပြည်သူနှင့် ဘိန်းစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်နေသော်လည်း ပြည်သူလူထုကောင်းစားရေးဟု ကြွေးကြော်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု စိုးစဉ်းမျှ မတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ရာ အချက်တစ်ခုဖြစ်ပါသည်။

ဘိန်းအများဆုံး စိုက်ပျိုးရာနေရာများဖြစ်သော ရှမ်းပြည်နယ်တွင် အိမ်ထောင်စု ၂၅၅၀ နှင့် ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၄၄၇ စုတို့အား လူမှုစီးပွားစစ်တမ်း (Socio-Economic Survey) ကောက်ယူမှုများပြုလုပ်ခဲ့ပါသည်။ ထိုအိမ်ထောင်စုများအနက် ရှမ်းပြည်နယ်တွင် အိမ်ထောင်စု ၁၈၈၈ စုသည် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းစီးပွားရေးတွင် ပါဝင်ပတ်သက်နေပြီး အိမ်ထောင်စု ၆၆၂ စုမှာ ပါဝင်ပတ်သက်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၁၅၂ စုမှာ ပါဝင်




ပတ်သက်နေပြီး အိမ်ထောင်စု ၂၉၅ စုမှာ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ကချင်ပြည်နယ် ဘိန်းစိုက်တောင်သူများ၏ အိမ်ထောင်စုဝင်များတွင် အနည်းဆုံးတစ်ဦးသည် ဘိန်းသုံးစွဲသူများဖြစ်ကြသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်။ ထို့အတူ ဘိန်းသုံးစွဲခြင်းနှင့် ဘိန်းဖြူသုံးစွဲသူများလည်း ဒေသတွင်းမြင့်တက်လာလျက် ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ဘိန်း ၁၀၈၀ မက်ထရစ်တန် ထွက်ရှိခဲ့သည်ဟု UNODC မှ ခန့်မှန်းထားပါသည်။ ဘိန်းနှင့် ဘိန်းဖြူအား ဒေသတွင်း စားသုံးမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းချမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံမှ ၂ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိနိုင်ပြီး ထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်သူများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၂ ဘီလီယံမှ ၁ ဒသမ ၈၅ ဘီလီယံအထိ ရှိနိုင်ပါသည်။ ထိုမျှများပြားလှသော ငွေကြေးများကြောင့်ပင် တိုင်းရင်းသားလက်နက်ကိုင်တို့သည် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ဘိန်းဖြူချက်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများတွင် ပါဝင်ဆောင်ရွက်နေလျက်ရှိပါသည်။

**ဘိန်းစိုက်တောင်သူများမှာ အသုံးချခံများအဖြစ်**
**ရှင်သန်ရပ်တည်နေရ**

ဘိန်းစိုက်တောင်သူများမှာ တိုင်းရင်းသားလက်နက်ကိုင်များ၏ အသုံးချခံများအဖြစ် ရှင်သန်ရပ်တည်နေရပြီး အခြိမ်းခြောက်ခံရမှု၊ အတင်းအကျပ်ခိုင်းစေမှု၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးမှုကို ဆက်လက်လုပ်ဆောင်နေရလျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူချက်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများမှ ရရှိလာသော တရားမဝင်ငွေကြေးများသည် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးထက် အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူများ၏ ဘဝမှာ ဆင်းရဲတွင်း နက်သထက်နက်အောင် ရောက်ရှိနေကြောင်း စိတ်မကောင်းဖွယ်ရာ တွေ့ရှိနေရပါသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အစိုးရသည် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုကို တင်းကျပ်သော အမိန့်များချမှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှု ၉၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့်လည်း မြန်မာနိုင်ငံတစ်ခုလုံး ကြုံတွေ့ခံစားနေရသော ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူထုတ်လုပ်မှု၊ မိမိဒေသခံများ ဘိန်းနှင့် ဘိန်းဖြူသုံးစွဲမှုများကို ဝိုင်းဝန်းတားဆီးဖြေရှင်းပေးရမည့် အချိန်အခါဖြစ်ပါသည်။ အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်များက မိမိနယ်မြေအတွင်း ပူးပေါင်းဆောင်ရွက်လာပါက ဘိန်းနှင့် ဘိန်းဖြူပြဿနာအပြင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှု၊ သယ်ဆောင်ရောင်းဝယ်မှု ပြဿနာများကို အမှန်တကယ် ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

**ဖုန်း-၀၉-၄၃၀၃၇၅၃၆**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက (၂) Grade-12 မှ (ဘ) ဦးခင်မောင်ထွေး၏သမီး မသင်းရနံ့ထူး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စည်သူအောင် (၁/ဟပန(နိုင်)၀၁၇၉၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၀၀၁၃၂၀**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်၊ မြေကွက်အမှတ်(U-7)၊ အကွက်အမှတ်(၁၇)၊ မြေချိန်ဧရိယာ(၀ဒသမ၅၅)ဧက၊ အလျား ၄၀၊ အနံ ၆၀အကျယ်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ဦးသစ်လွင်အမည်ပေါက်သည့် မြေကွက်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသစ်လွင် ၁၀/ဘလန(နိုင်) ၀၁၉၆၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနုထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၂၇)**
**အမှတ်(၁၄)၊ လမ်းသွယ်(၂)၊ ရတနာမာအောင်ဂေါက်ကွင်းရပ်၊ ပြည်မြို့၊**
**ဖုန်း-၀၉-၂၆၁၂၂၀၀၀၄**

## အများသိစေရန်ကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ ၃၁-လမ်း အမှတ်(၅၈/၆၄) အန္တရာယ်ရှိအဆောက်အအုံရှိ ဒေါ်ကြည်အမည်ဖြင့် မှတ်သားထားသည့် ပထမထပ်အခန်းအမှတ်(၇)နှင့်ပတ်သက်၍ ကျန်ရစ်သူသားသမီး(၅)ဦးဖြစ်သော ဦးထွန်းတင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်အေး၊ ဒေါ်ကြည်ကြည်ငွေနှင့် ဦးဝင်းကြည်တို့အနက် ဒေါ်ကြည်ကြည်ငွေမှ ကျန်မောင်နှမ(၄)ဦး၏ အမွေဝေစုအသီးသီးကို Notary Public ၏ ရှေ့မှောက်တွင် လွှဲပြောင်းပေးအပ်ပြီးကြောင်းတင်ပြ၍ ဒေါ်ကြည်ကြည်ငွေ တစ်ဦးတည်းအမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောင်ပြုံးပွဲတော်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ၊ အနော်ရထာမင်း တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ဆုတောင်းပြည့် ဆုတောင်းရမြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ဘုရားပွဲတော် ဆွမ်းတော်ကြီးကပ်လှူ ပူဇော်ပွဲ နှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်ကို (၁၃၈၆)ခုနှစ်၊ ဝါခေါင်လဆန်း(၈) ရက်မှ (၁၅)ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် ဘုရားဖူး တိုင်းရင်းသားပြည်သူများ၊ ရိုးရာဓလေ့ ကိုးကွယ်သူများ၊ လာရောက်ရောင်းချကြသော ဈေးသူဈေးသားများအား စိတ်အေးချမ်းသာစွာဖြင့် လာရောက်နိုင်ကြရန် ပွဲတော်ကျင်းပရေးကော်မတီမှ လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဦးဌေးအောင်
ကျင်းပရေးကော်မတီ
ဆုတောင်းပြည့် ဆုတောင်းရဂေါပကအဖွဲ့
တောင်ပြုံးကြီးရွာ

ဆက်သွယ်ရန် -
ဥက္ကဋ္ဌ ဦးဌေးအောင် ဖုန်း-၀၉-၆၉၉၆၄၇၁၀၀
ဒုဥက္ကဋ္ဌ ဦးကျော်ကျော် ဖုန်း-၀၉-၂၅၉၂၀၅၆၄၄

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သမာဓိ (၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉-B) မြေကွက်အမှတ်(၅၄၉)၊ အကျယ်အဝန်း (၄၀' x ၆၀')အနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ RC(၃)ထပ် အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းနှင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနတို့တွင် အမှတ်စဉ်အမှတ် (၁၉၄၄)အရ ဒေါ်ပိုင်းတင် (TTA-၁၀၀၁၅၀)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝတ်ရည်အောင် (၁၂/ဒဂမ(နိုင်)၀၁၂၇၃၆)မှ အဆိုပါ မြေနှင့်အဆောက်အအုံအား မိမိမှ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ ပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေနှင့် အဆောက်အအုံနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ဦး (LL.B,LLM) ဒေါ်ညီမာ (LL.B)အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆) အခန်းအမှတ်(308)၊ Office Tower(3),Time City,ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (ဈ/၂)၊ ဦးပိုင်အမှတ် (၂၄) နေ ဒေါ်မြင့်မြင့်ခိုင် (၁၃/ကမန(နိုင်)၀၆၉၇၂၄) ၏ ဖခင်အမည်မှာ ဦးစောကျော်ခိုင်(ခ) ဦးကျော်ခိုင် ဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတစ်ယောက်တည်းသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ခိုင်**
**၁၃/ကမန(နိုင်)၀၆၉၇၂၄**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မောင်ဝင်းကို ၁၂/ကတန(နိုင်)၁၁၅၅၀၈ (ဘ) ဦးညွန့်သောင်း နိုင်ငံကူးမှတ်ပုံတင် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၃၆၄၃၂၇၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အ.ထ.က(၄) စမ်းချောင်း Grade-12 တွင် ပညာသင်ကြားနေသော မနန်းဇင်ထွေး ၏ ဖခင်အမည်မှန်မှာ ဦးလွယ် ဖြစ်ပါကြောင်း။

**ဦးလွယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/8745 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် (၁၇၈)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက် သည် မူလက ဦးသိန်းဝင်း၊ ဒေါ်ခင်နွဲ့ (၂)ဦးအမည်ဖြင့် (၂၇-၉-၂၀၁၁)ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးသိန်းဝင်း ပါ(၂)ဦးတို့က (၇-၃-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၁၄/၂၀၂၄) အရ အဆိုပါ မြေကွက်အား ဒေါ်ဂျယ်မုတ် ၁/ဝမန(နိုင်)၀၀၀၃၀၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခု အခါ ဒေါ်ဂျယ်မုတ် အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်နေ့မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/18945 Honda Super Cub ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းမောင် ၉/ဝတန(နိုင်)၀၆၈၇၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၅၊ ဦးပိုင်အမှတ်(၂၅)/၁၀၉ x ၁၁၀ ကြား၊ ၅၃ x ၅၄ လမ်းကြားရှိ တပ်သားအေးငြိမ်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဟန်ဇော်ထွန်းက တရားပြိုင် ဦးအေးငြိမ်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၇/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဟန်ဇော်ထွန်း ၅/မရန(နိုင်)၁၄၂၁၉၉ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၄

ဦးဝင်းမောင် နှင့် ဦးသန်းထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက်၊ ၁၁၄ x ၁၁၅ လမ်းကြား၊ ၇၀(အေ) လမ်းနေ ဦးသန်းထွန်း(ဘ)ဦးထွန်းလှအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးသန်းထွန်း သင့်အပေါ်၌ တရားလို ဦးဝင်းမောင်က ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၅)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၅ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိင်္ဂီဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉၀) မြေကွက်အမှတ် (၁၃၄၃) ဇေယျာသီရိလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးထွန်းအေးအမည်ပေါက် ပါမစ်မြေကွက် အနက်မှ (၂၀ပေx ၆၀ပေ)ရှိ (မြေကွက်အမှတ်-၁၃၄၄ နှင့် ကပ်လျက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဆန်းကျော် ၁၀/မလမ(နိုင်)၁၆၈၈၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကိုပေးမချခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆ ၈၃၃၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/72599 Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/66180 Luojia ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မိတ္ထီလာမြို့)**

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၁၄၀)ဟုခေါ်တွင်သော ဆောက်လုပ်ဆဲ (၁)ခန်းတည်း (၇)ထပ်တိုက်၏ ၅-လွှာ(စတုတ္ထထပ်)၊ အကျယ်အဝန်း (၂၄ ပေ ၈ လက်မ x ၄၇ပေ) ရှိ Lift ပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို (၂၇-၇-၂၀၂၃)ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံသစ် ဆောက်လုပ်ခြင်းဆိုင်ရာ နှစ်ဖက် သဘောတူညီမှုကတိစာချုပ်အရ ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ M.T.P Construction ကန်ထရိုက်တာ ဦးစိုးဝင်း ၁၂/သဃက(နိုင်)၁၄၅၆၃၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝူနာချောင် (ခ) ဦးတတ်လွင် ၁၂/ကတတ(နိုင်)၀၂၁၈၈၇ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဃ-ရပ်ကွက်၊ အကွက်အမှတ် သ-၁၄၊ ဦးပိုင်အမှတ်(၈၇)/ ၆၀.A x ၆၀.B ကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျင်ဝေ ၉/မရတ(နိုင်)၀၄၂၇၇၂ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆/၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နွယ်သန်း ၉/ပကခ(နိုင်)၀၀၀၅၁၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဂဂ-၃၊ ဦးပိုင်အမှတ်(၇၀)/၅၇ x ၅၈ ကြား၊ ၁၀၃ x ၁၀၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဝင်း ၉/မရတ(နိုင်)၀၅၈၂၀၉၊ ဦးစံမြင့်ထွေး ၉/မရတ(နိုင်)၀၀၀၇၅၈ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၇၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရန်အောင် ၉/မနမ(နိုင်)၀၉၁၁၉၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၂၅၂)၊ မြေကွက်တည်နေရာအမှတ်(၂၅၂)၊ ဂန္ဓာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်ခင်မေဝင်း (CB-029135) အမည်ပေါက်နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ခင်မေဝင်းအား (တရားပြိုင်) ထားကာ ဦးငွေတိုးနှင့် ဒေါ်နှင်းရည်ရည်နိုင်တို့မှ တရားလိုပြု၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် ၁/၂၀၂၄ (၂၃-၂-၂၀၂၄) အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီဂရီချမှတ်သည့် ၂၃-၂-၂၀၂၄ ရက်စွဲပါ စီရင်ချက်၊ဒီဂရီနှင့် တရားမဇာရီမှုအမှတ် ၂၀/၂၀၂၄ (၂၉-၂-၂၀၂၄) တို့အရ တရားရှုံး(ကိုယ်စား) တရားရုံး ဘီလစ် ဒေါ်လဲ့လဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉) မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့် အပ်စာ ဂရန်နိုင်ကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်အုတ်ညှပ်တိုက်တစ်လုံးရှိပြီး တရားနိုင် ဒေါ်နှင်းရည်ရည်နိုင် နေထိုင်ပြီး တစ်ထပ်တိုက်တစ်လုံးတွင်တရားနိုင် ဦးငွေတိုး နေထိုင်ပြီး ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်မှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင် ရပ်ကွက်နေ အ.ထ.က(၂) လသာတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်သိန်းယုဆွေ (အလယ်တန်းပြ)၏ ဖခင်အမည်မှာ ဦးနုစိန်(ခ)ဦးသန်းထွန်းအောင် ၁၂/သလန(နိုင်)၀၁၇၂၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅

ဦးရဲမြင့်အောင် နှင့် ဦးတိုး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်အမှတ်(ဘဘ-၈)၊ မြရည်နန္ဒာရပ်ကွက်၊ ဦးတိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရဲမြင့်အောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် (၄၈၆)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ (၀.၀၃၅၉) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၅ ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လကွယ် ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့်ရေအားစက်ရုံများဌာနလက်အောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၇)ရုံအတွက် အောက် ဖော်ပြပါ တင်ဒါအား (မြန်မာကျပ်ငွေ) (DDP At Site) အရောက်ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| (က) | 30(T)(Re)/EPGE/(REHP)/2024-2025 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၇)ရုံအတွက် လျှပ်စစ်နှင့် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၁၁)မျိုး ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့် ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီ ချိတ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၇-၂၀၂၄ ရက် (၁၃:၀၀)နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၆၇-၈၁၀၄၂၇၉)**

## မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်
## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၊ ရင်ပြင်တော်၊ သီဟဆောင်နောက်ဘက်တွင် မြေပြိုမှုကာကွယ်နိုင်ရန် မြေထိန်းနံရံအတိုင်းအတာ အလျား ၁၆၀ ပေ၊ အနံ၁၀၀ပေ၊ အမြင့် ၂၀ပေ ဧရိယာ RC.Conc: ပြုလုပ်နိုင်ရန် တင်ဒါခေါ်ယူခြင်း၊

၂။ (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၇-၂၀၂၄ ရက် နံနက် ၁၀:၀၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၈-၇-၂၀၂၄ ရက် ညနေ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ကျိုက်ထီးရိုးဂေါပကရုံး ကင်မွန်းစခန်း
(ဃ) **တင်ဒါကျင်းပမည့် ရက်/အချိန်** - ၁၅-၇-၂၀၂၄ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - အတ္ထရံခန်းမ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး မော်လမြိုင်မြို့

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်-
**ဦးစိုးလှ** - ဖုန်း-၀၉-၄၂၅၃၄၅၇၇၀
**ဦးစန်းလွင်ဟန်** - ဖုန်း-၀၉-၇၇၃၈၇၇၃၈၀

**တင်ဒါကော်မတီ**
**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကပစ(၂၂)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်ဝင်းမေ ၈/ဆဖန(နိုင်)၀၁၁၆၉၂၏ ဖခင် ဦးအုံးဇံ(ခ)ဦးအုန်းဇံမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအုံးဇံ(ခ)ဦးအုန်းဇံ**

## မိဘအမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.လ.က(ခွဲ)၊ ကန်ညီနောင် Grade-8 မှ မချစ်ဖူးဝေ၏ မိဘအမည်မှန်မှာ ဦးကျော်သူ ၇/ဒဥန(နိုင်)၁၆၈၁၈၂၊ ဒေါ်ဝင်းဝင်းမော် ၇/ဒဥန(နိုင်)၁၆၈၀၃၈ ဖြစ်ပါကြောင်း။

**ဦးကျော်သူ-ဒေါ်ဝင်းဝင်းမော်**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အ.လ.က(ခွဲ)ကန်ညီနောင် Grade-9 မှ မချစ်ချစ်ယမုံဦး ဖခင်အမည်မှန်မှာ ဦးနေလင်းအောင် ၇/ဒဥန(နိုင်)၁၂၉၅၉၆ ဖြစ်ပါကြောင်း။

**ဦးနေလင်းအောင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)တွင် အသုံးပြုရန် Mini X-Ray for Baggage and Hand Carry Scanner (၂)ခု၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တပ်ဆင်အသုံးပြုရန် CCTV System 1(Set)နှင့် မီးသတ်ဆေးဘူး 5kg(၃၀)ဘူး၊ စုစုပေါင်းပစ္စည်း(၃)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၆-၂၀၂၄ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်၊အချိန်** - ၂၆-၇-၂၀၂၄ ရက် (၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်၊ အချိန်** - သီးခြားထုတ်ပြန်သွားပါမည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ကမ်းနားလမ်းနှင့်သစ်တောလမ်းထောင့်၊ အလုံမြို့နယ် ရန်ကုန်မြို့၊ (ဖုန်း-၀၉-၈၉၃၂၃၁၅၉၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးနှင့် လက်ခံရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၀/ကြပ်ပြင်ကြီးကွင်း)၊ ဦးပိုင်အမှတ်(၂၉၂)၊ မြေဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ အစိုးရ (မြို့မြေ)ကွက်အား ဒေါ်တင်နီလာကျော်(ဘ)ဦးလှသိန်း ၁၂/ဒဂမ(နိုင်)၀၁၄၀၆၄ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၅/ ရန်အောင်ရပ်(မီးလောင်မြေ)၊ ဦးပိုင်အမှတ်(၈၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိ ဒေါ်တင်မြင့်အမည်ပေါက် မြို့မြေကွက်အား ဒေါ်ကေသီခိုင် (ဘ)ဦးအောင်ကြည် ၉/လဝန(နိုင်)၀၀၇၂၈၈ မှ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက်အမှတ်(ဈ-၄၅၆)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဗိုလ်ကြီး အောင်နိုင်ဝင်း ကြည်း-၃၄၁၁၁ ထံမှ ကျွန်မ ဒေါ်မေဇင်ချိုလေး ၁၃/တခလ(နိုင်)၀၆၁၈၇၉ က ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၁၄) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မေဇင်ချိုလေး ၁၃/တခလ(နိုင်)၀၆၁၈၇၉**
**ဖုန်း ၀၉-၂၅၀၈၈၈၂၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်-၂၆ဟုခေါ်တွင်သော ဆဌမထပ်၊ (၇)လွှာ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းရှင် (ဘ)ဦးထွန်းကျန် ၁၄/ဒဒရ(နိုင်)၀၀၃၉၆၃ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသော ဒေါ်မိုးပပကျော် ၁၂/ရကန(နိုင်)၀၂၁၇၉၉၊ ဦးမိုးသက်ကျော် ၁၂/ရကန(နိုင်)၀၂၁၈၀၀၊ (ဦးအောင်ဖြိုးကျော်)ကွယ်လွန်၏ဇနီး ဒေါ်သူသူအောင် ၇/ဖမန(နိုင်)၁၀၁၅၂၉ တို့က ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူလိုပါသောကြောင့် အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းရောင်းဝယ်ခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အိအိအောင်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (လိုင်စင်-၇၆၆၄)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကူညည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်အေးအေးမော် ၈/ဆဖန(နိုင်)၀၄၆၃၀၆၏ ဖခင် ဦးဟန်စိန်(ခ) ဦးဟံစိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟန်စိန်(ခ)ဦးဟံစိန်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း Grade-11(B) မှ မဆုမြတ်ရွှေရည်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကျော် ၇/နတလ(နိုင်)၀၀၆၈၉၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၂၃)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ ဦးတင့်လွင် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ ပေ(၂၀ x ၆၀)ရှိ (မြေကွက်အမှတ်-၄၂၂ နှင့် ကပ်လျက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဇော်ဝင်းနိုင် ၈/မမန(နိုင်)၁၃၇၃၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဥ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဘ) ဦးစိန်အေး၏သမီး ဒေါ်ချောစုလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၁၉၇၂ ဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ ဒေါ်ချောစုလှိုင်(ခ)ဒေါ်စန္ဒာအေး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၈)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း Grade-6 မှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၅/ဝလန(နိုင်)၀၃၃၅၉၄ ဖြစ်ပါသည်။

**ဦးခင်မောင်အေး**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း Grade-11(B) မှ မခိုင်ဇာလွင်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်သွယ် ၇/နတလ(နိုင်)၀၈၅၃၇၄ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြတ်လေးလမ်းသွယ်(၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ(၅)၊ ပေါင်းကူးဥဒ္ဒေစီမံချက်၊ မြေကွက်အမှတ်(၅၁၇)၊ အကျယ်အဝန်း အလျား (၅၈'+၂၃'+၄၅'/၁၂၅' အနံ (၇၅' x၅၇')၊ ဧရိယာ ၀ ဒသမ ၂၄၃ ဧကအကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးပရင်ချမ်း ဂရန်အမည်ပေါက်ဖြစ်ပြီး ဇနီးဖြစ်သူ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်သန်းမြင့် ၁၂/မဂတ(နိုင်)၀၇၇၈၃၅ မှ တရားဝင် ပိုင်ဆိုင်ထားသော မြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းပြည့်ဖြိုးအောင် ၁၃/ပလန(နိုင်)၀၃၈၈၆၂ က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါမည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထွဋ်**
**(အထက်တန်းရှေ့နေ) (စဥ်-၂၄၉၀၈)**
**အမှတ်-၁၁၊ ကြေးပန်းထိမ်တန်းလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၂၀၁၀၅၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၅၁၉၁၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဌေး ၁၀/မဒန(နိုင်)၀၀၉၉၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဟ/၂၅၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးအေးဟန် ၁၀/မလမ(နိုင်)၁၀၂၅၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း Grade-12(B) မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးအုန်းဝင်း ၇/နတလ(နိုင်)၀၄၄၉၂၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း Grade-11(B) မှ မနော်ပွင့်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ငွေ ၇/နတလ(နိုင်)၁၁၀၆၆၅ ဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည် ဦးအောင်ဆန်း (ခ) ဦးအောင်ခန့်ကို (ဘ)ဦးခင်မောင်ဝင်း ၁၄/မမက(နိုင်)၂၉၁၉၄၄ နှင့် ဒေါ်ဝိုင်းစန္ဒာလှိုင် (ဘ)ဦးကြီးမြင့် ၁၂/ဗဟန(နိုင်)၀၀၃၁၅၄ တို့သည် ၂၆-၅-၂၀၂၂ ရက်တွင် ယခင် မြောက်ပိုင်းခရိုင်တရားရုံး၌ ထိမ်းမြားလက်ထပ်ကာ လူသိရှင်ကြား အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၄)၊ (၄)လမ်း၊ ပထမထပ်/တိုက်အမှတ်(၆၀၆)ဟုခေါ်တွင်သော လူနေတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသောပစ္စည်းများ အားလုံးသည် လင်မယားနှစ်ဦး ပေါင်းသင်းနေထိုင်စဉ် ဖြစ်ထွန်းခဲ့သော လက်ထက်ပွားပစ္စည်းတစ်ခုဖြစ်သည့်အပြင် သဃ်န်းကျွန်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်(၁၃၁/၂၀၂၄)ဖြင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများ ခွဲဝေပေးစေလိုမှုစွဲဆိုထားပါသဖြင့် ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရဘဲ အထက်ဖော်ပြပါလူနေတိုက်ခန်းအား အခြားသူတစ်ဦးဦးသို့ လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်း/စွန့်လွှတ်/ လှူဒါန်းခြင်း မပြုလုပ်ပါရန် ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဇင်ဦး အထက်တန်းရှေ့နေ (စဥ်-၅၁၃၉၄)**

| | |
|---|---|
| **ဒေါ်သီရိကိုကို** | **ဒေါ်ဝါဝါဝင်းသူ** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၅၃၅၆၀)** | **(စဥ်-၅၅၀၁၉)** |

**အမှတ်(၂၉၁)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၀၈၉၆၃၀၉**

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/79646 Honda Wave Alpha-110 ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/84617 Dayang Sporter-125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co;ltd မှ (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/4365 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၀/မဒန(နိုင်)၀၀၂၈၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း Grade-12(B) မှ မကေရီသင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဦး ၇/နတလ(နိုင်)၀၉၃၀၉၉ ဖြစ်ပါသည်။

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း စက်နှင့်စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ အောက်ဖော်ပြပါ လုပ်ငန်း(ရုံးချုပ်)နှင့်ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန (DCTT)အတွက် စက်နှင့်စက်ပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပြီး ဌာနသို့ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူဖြည့်ဆည်းဆောင်ရွက်လိုပါသည်-

(က) **လုပ်ငန်း(ရုံးချုပ်)နှင့် ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန (DCTT) စက်ပစ္စည်းဝယ်ယူခြင်း**

(၁) Fire Fighting and Alarm System

(၂) Quality Control Machineries for Physical Lab

(၃) Quality Control Machineries for Chemical Lab

၂။ ဈေးနှုန်းတင်သွင်းလွှာများကို ပေးသွင်းရမည့်အစီအစဉ်

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၂၄ ရက်

( ခ ) **တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန်** - ၁၈-၇-၂၀၂၄ ရက်၊ ၁၆:၀၀ နာရီ

( ဂ ) **တင်ဒါတင်သွင်းရမည့် နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ တင်ဒါပုံစံများကို ၁-၇-၂၀၂၄ ရက်မှစ၍ ရုံးချိန်အတွင်း စီမံရေးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ဖုန်း ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၀၇၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၂၃)၊ (ပထမထပ်)၊ ၃လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၁'x၄၀')ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် လက်ရှိထား ပိုင်ဆိုင်သူများ ဖြစ်ကြသည့် ဦးအောင်ဇော်ဇော် ၁၂/တတန (နိုင်)၁၃၈၇၅၃ နှင့် ဒေါ်ဇင်ဇင်ဖြူ ၈/တတက(နိုင်)၁၆၂၅၇၄ တို့က ယခုရောင်းချသည့်တိုက်ခန်းမှာ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူ ဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းအေး ၁၁/စတန (နိုင်)၀၅၀၃၆၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ်(၂၃)၊ လမ်း၁၃၀နှင့် သုံးမြှောင့်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ငုဝါမြိုင် (၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ၊မြေကွက်အမှတ် (၃၇၄/က)၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ (အလျား၂၀xအနံ၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ (စတုရန်းပေ-၁၂၀၀)ရှိ ကိုယ်ပိုင်မိတာ၊ ကိုယ်ပိုင်မော်တာ၊ ရေမီးစုံပါဝင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် ယင်းမြေနှင့်အဆောက်အအုံတို့နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးလှကျော့ ၁၂/အစန(နိုင်)၀၀၄၄၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပြတ် ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ဝင်းသီရိဦး(၇/ပတန(နိုင်)၀၉၃၇၃၀)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဇွန်သူ(LL.B,D.B.L,WIPO) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၂၂)**
**အမှတ်(၁၂)၊အနောက်အာဇာနည်လမ်း၊ဆရာစံအနောက်/မြောက်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၇၁၈၇၂**

## ကန့် ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(ဈ)၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၄)၊မြေကွက်အမှတ်(၂၉၉)၊အလျား(၄၂)ပေ၊ အနံ (၆၀)ပေ၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၅၈ ဧက၊ (၂၅၂၀)စတုရန်းပေ ကျယ်ဝန်းသောဂရန်မြေ အမျိုးအစားမြေကွက်၏တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးနီတိုး(ဘ)ဦးသူတော် (အမျိုးသားမှတ်ပုံတင်အမှတ်-DDE၁၃၆၈၃၂) (ကွယ်လွန်)၏ သားသမီးများဖြစ်သော ရောင်းချပိုင်ခွင့် ရှိသူများဖြစ်ကြသည့် ဒေါ်မြစန္ဒာ ၁၂/လမန (နိုင်)၀၀၂၅၁၉၊ ဒေါ်မြသန္တာအောင် ၁၂/ရပသ(နိုင်)၀၅၉၀၄၇ တို့ထံမှ တရားဝင် မခွဲစိတ်ရသေးသော အလျား(၂၂)ပေ၊ အနံ(၆၀)ပေ၊ဧရိယာ အကျယ်အဝန်း ၀ ဒသမ ၀၃၀ ဧက၊(၁၃၂၀) စတုရန်းပေခန့်ကျယ်ဝန်းသည့်(မြေကွက်အား မျက်နှာမူလျှင် လက်ယာဘက်အခြမ်းရှိ) မြေကွက်နှင့် အဆောက်အအုံတို့အား တရားဝင် ပိုင်ဆိုင်မှုအထောက် အထားစာချုပ် စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့်ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ခုတင်(၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လူနာများကုသပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ၊ ဓါတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် 1/PMA-DMS(2024-2025) အား ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းရမည့်ရက်** - ၄ - ၇ -၂၀၂၄ ရက် (ကြာသပတေးနေ့)

**တင်ဒါပုံစံစတင်ရောင်းချမည့်အချိန်** - နံနက် (၉:၃၀) နာရီ

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၈-၇- ၂၀၂၄ ရက် (ကြာသပတေးနေ့)ညနေ ၄:၃၀နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၈၀၂၂၃၀၉

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့**

### အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒဲကျေးရွာ၊ ရွှေကမ်းသာယာ အိမ်ရာ၊ ၂၅-လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅/ရွှေကမ်းသာယာ-၃)၊ မြေကွက် အမှတ်(၄၁၆မှ၄၃၀ထိ)၊ အမှတ်(၈၂)တွင် (၁)ထပ် Steel အဆောက်အဦ (၃)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်အမည်ပေါက် အာရှရွှေခြသေ့ အပြည်ပြည်ဆိုင်ရာလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၈၉၅/၂၀၀၀-၂၀၀၁)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်းပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထား များဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ လမ်းမတော်လမ်း၊ ဦးပိုင်အမှတ် ၉၅ᵏᵃ၊ ဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ ဦးပရင်းကူးမားအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ခင်မှ စာချုပ်မှတ်ပုံတင်အမှတ်(၄၁/၂၀၁၄)အရ တရားဝင် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ မိခင် ဒေါ်ခင်ခင်သည် ၇-၇-၂၀၀၈ တွင်လည်းကောင်း၊ ဖခင် ဦးရွှေသည် ၁၉၈၂ တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါပြီး တစ်ဦးတည်းသော သား ဦးအောင်ကျော်မှ ကြေညာစာချုပ်အမှတ် ၁၀၅/၂၀၂၃ ဖြင့် ဆောင်ရွက်ပြီး မြေကွက်ရရှိသူ ဦးအောင်ကျော်မှ ၎င်းအမည်ဖြင့် ဘိုးဘပိုင် အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက် အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင် အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**ဦးအောင်ကျော်**
**အမှတ်(၅၉)၊ လမ်းမတော်လမ်း၊**
**ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈,၁၁ (ကမာရွတ်)၊ မြကန်သာ(၁)လမ်း၊ မြေကွက်အမှတ်-၅၃-ဃ၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးထင်ဝင်း ၁၀/မလမ(နိုင်)၁၁၀၂၉၀၊ ဒေါ်မြင့်မြင့်သန်း ၁၂/ပဘတ(နိုင်)၀၁၁၅၃၉ တို့ အမည် ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများ ဦးထင်ဝင်း+၁ ဦး တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံစာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ မြေကွက်အမှတ် (ဈ/၃၇၃)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဗိုလ်ကြီးပြည့်ခိုင်(ကြည်း ၃၃၄၆၈) ထံမှ ကျွန်တော် ဦးဝင်းညွန့်ဦး ၈/မမန(နိုင်)၁၃၀၃၉၃ က ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ၂၀၁၂ ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါသည်။

**ဦးဝင်းညွန့်ဦး ၈/မမန(နိုင်)၁၃၀၃၉၃**
**ဖုန်း-၀၉-၄၂၈၂၁၇၉၆၃**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိ၊ မြေကွက် အမှတ်(ဈ/၄၈၆)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဦးဇော်လင်းသိန်း ၉/ပသက(နိုင်) ၀၄၀၂၈၈ ထံမှ ကျွန်တော် ဦးဌေးမြင့် ၁၂/လကန (နိုင်)၀၆၁၄၈၇ က ပိုင်ဆိုင်မှု စာရွက်စာတမ်းနှင့်တကွ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ (၂၀၁၁) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါ မြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံး ဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင် ပါသည်။

**ဦးဌေးမြင့် ၁၂/လကန(နိုင်)၀၆၁၄၈၇**
**ဖုန်း-၀၉-၂၆၁၉၂၀၉၁၁**

## ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ရွှေဂုံတိုင်လမ်း အမှတ် ( ၃၆၁ ) နေ ဒေါ်ခင်ခင်စံ ၁၁/ မပတ(နိုင်)၀၂၈၈၈၅ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာ အပ်ပါသည်-

အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ် အသားကို ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၄/၄၅၁၆ (၂၄-၅-၂၀၂၄)ရက်မှစ၍ မိမိတစ်ဦးတည်းပိုင်သော အမှတ်တံဆိပ် အဖြစ် မှတ်ပုံတင်ပြီးဖြစ်ပါသည်-

**မှတ်ပုံတင် စာချုပ်အမှတ် - ( ၄/၄၅၁၆)**

အထက်ဖော်ပြပါ "ချစ်သူများကျွန်း Lovers Island ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားဖြင့် မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သော ပုဇွန်ခြောက်၊ ငါးခြောက်နှင့် ရေထွက်စားသောက်ကုန်တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင် ကြော်ငြာ၊ Letter Head ၊ Internet ၊ E - Mail & Wesite ၊ Face book ၊ ငွေပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ စတေကာ၊ အဝတ်ထည်အမျိုးမျိုး အစရှိသည်တို့နှင့် ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အား ထုပ်ပိုးပစ္စည်း အမျိုးမျိုးပေါ်တွင် အရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ၊ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ကုမ္ပဏီမှ အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားတစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြား အဖွဲ့အစည်းများမှလည်းကောင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ၊ စာလုံး Font ၊ Label ၊ ဒီဇိုင်းပုံတူ ပုံမှားအရောင် (Colour)ဆင်တူရိုးမှားများ တုပပြုလုပ် သုံးစွဲမှုမပြုလုပ်ကြပါရန်နှင့် တွေ့မြင်ကြားသိရပါက တုပပြုလုပ် ထားသည့် ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ တည်ဆဲဥပဒေများနှင့် အညီအရေးယူဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် အကျိုးစီးပွား နစ်နာမှုအတွက်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ဦးလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆) (၂၇-၄-၂၀၂၀)**
**အမှတ်(၉၉)၊ ပ-ထပ်(ဘယ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၂၁၇၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၈၊ မြေကွက်အမှတ်-၅၉၇၊ ဦးဝင်းမောင် အမည်ပေါက် တရားဝင် မခွဲမစိတ်ရသေး သော မြေချပါမစ်မြေအမျိုးအစား အကျယ်(၄၀ x ၆၀)ပေရှိ မြေကွက်ကြီးထဲမှ ဆရာစံ(၅)လမ်းပေါ်မှနေ၍ မြေကွက်တစ်ခုလုံးသို့ မျက်နှာမူကြည့်လျှင် ဝဲဘက်စွန်း(မြေကွက်အမှတ်-၅၉၆ နှင့် ကပ်လျက်) တွင် ရှိသော (၁၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ရေ၊ မီး၊ အစုံအလင် ပါဝင်သော တစ်ထပ်တိုက်နေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန်အတွက် ဒေါ်စုစု ၁၂/ကမတ(နိုင်)၀၁၆၀၇၅ ထံသို့ ကျွန်တော်၏ မိတ်ဆွေမှ ငွေကြေးတစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်တော့်ထံလာရောက် ဆက်သွယ်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်ဘွား (LL.B)** | **ဒေါ်မေသိင်္ဂီလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၁၃၀/၂၀၁၂** | **စဉ်-၁၅၇၃၄/၂၀၁၉** |
| **ဖုန်း-၀၉ ၈၉၂၇၅၅၀၁၂** | **ဖုန်း-၀၉ ၇၉၆၈၃၄၇၃၄** |

**အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## မွေးသက္ကရာဇ်မှန်

ဦးအောင်နေမျိုး၏ သမီး ဒေးဒရဲမြို့၊ အမက(မြို့မ)ကျောင်း Grade-4 မဆုရတီလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၇-၂၀၁၅ ဖြစ်ပါကြောင်း။

၁၄-၇-၂၀၁၅

## မိခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အ.ထ.က(ခွဲ) လက်ပန် Grade-6 မှ မရွှေရီနွန်းလဲ့၏ မိခင် အမည်မှန်မှာ ဒေါ်နွဲ့ရီဝင်း ၉/တကန(နိုင်)၂၀၁၆၀၉ ဖြစ်ပါကြောင်း။

**ဒေါ်နွဲ့ရီဝင်း**
**၉/တကန(နိုင်)၂၀၁၆၀၉**

## မိဘအမည်မှန်

ပင်လုံမြို့၊ အ.ထ.က(၂)၊Grade-4 (B) မှ မသွန်းဆည်းဆာ၏ မိဘ အမည်မှန်မှာ မောင်ရွှေတိုးအောင် ၁၃/ပလတ(နိုင်)၀၀၇၅၃၈ နှင့် မမိသိန်း ၉/ပဘန(နိုင်)၁၂၅၉၂၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ကမ္ဘောဇ ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-9 မှ မဖြိုးရတနာ အား ယနေ့မှစ၍ မနန်းဖြိုး ရတနာကျော် ဟု ပြောင်းလဲခေါ်ပါ ရန်။

**မနန်းဖြိုးရတနာကျော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-4G/1193, Toyota Townace ယာဉ်အမည်ပေါက်သူ ဦးသန့်ဇင်အောင် ၁၃/တကန(နိုင်) ၁၄၂၃၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၇၄၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၇၅၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၄၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အထက ဒိုက်ပျက် Grade-12 မှ မဆောင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၁၄/ကပန(နိုင်)၀၄၂၀၈၇ ဖြစ်ပါကြောင်း။

**ဦးစိုးသိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/88441 Zhineng-110, M/C (2x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဖေယျာဦး ၁၄/အဂပ(နိုင်)၁၃၆၂၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 16W/75967 Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းဝင်း၁၄/အဂပ(နိုင်)၁၉၀၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 47W/7187 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အင်ကြင်းအောင် ၁၄/ဟသတ(နိုင်)၃၃၇၀၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4552 Mitsubishi Delica SKF2Tm, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကြိုင် ၁၄/ဟသတ(နိုင်)၁၃၅၆၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/9679 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၂

**ကွယ်လွန်သူဒေါ်ဒရီခေါန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

